# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၁၄ ရက်၊ သောကြာနေ့။ Friday 30 March 2018 ၉၂၄၄


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့ အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲ နေခြင်းသည်လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသို့

## နိုင်ငံတော်အစိုးရ၏ နှစ်နှစ်မြောက် နှစ်ပတ်လည်နေ့

## တာဝန်ကျေတဲ့ ပြည်သူပြည်သားများနဲ့ တည်ဆောက်ထားတဲ့ နိုင်ငံ

တာဝန်ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ လူတိုင်းလူတိုင်းက ကိုယ့်တာဝန်ကိုယ် ကျေမယ်။ မိဘများဟာ မိဘတာဝန် ကျေမယ်၊ သားသမီးများဟာ သားသမီးတာဝန် ကျေမယ်၊ ဆရာများဟာ ဆရာတာဝန် ကျေမယ်၊ တပည့်များဟာ တပည့်တာဝန်တွေ ကျေမယ်၊ အနုပညာရှင်များဟာ အနုပညာရှင်ရဲ့တာဝန် ကျေမယ်၊ ပရိသတ်တွေကလည်း ပရိသတ်တာဝန်ကျေမယ်ဆိုရင် ကျွန်မတို့ရဲ့နိုင်ငံအတွက် ဘာမှလိုအပ်ချက်ရှိတော့မှာ မဟုတ်ပါဘူး။ တာဝန်ကျေတဲ့ ပြည်သူပြည်သားများနဲ့ တည်ဆောက်ထားတဲ့နိုင်ငံဆိုတာဟာ ဘယ်နိုင်ငံမှ ယှဉ်လို့ရမှာ မဟုတ်ပါဘူး။

(၂၃-၃-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည့် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကတိသစ္စာပြုခြင်းနှင့် မိန့်ခွန်းပြောကြားခြင်း အစီအစဉ်ကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် မတ် ၂၉**

၂၀၁၈ ခုနှစ် မတ် ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ကျင်းပမည့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသည့် ဦးဝင်းမြင့် ကတိသစ္စာပြုခြင်းနှင့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားခြင်း အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကို နံနက် ၉ နာရီ ၅၅ မိနစ်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV လွှတ်တော် Channel၊ MITV၊ mntv၊ SKY Net Up to Date၊ မြန်မာ့အသံရေဒီယို၊ MOI Webportal Myanmar Facebook၊ MRTV Facebook နှင့် Myanmar Digital News Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း၊ ရုပ်ရှင်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များအပါအဝင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်လည်း တက်ရောက်သည်။

**သတင်းစဉ်**


ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ စာမျက်နှာ ၃

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ရှင်းလင်းဆွေးနွေး စာမျက်နှာ ၅

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဦးဝင်းမြင့်ထံသို့ ကမ္ဘာ့နိုင်ငံအကြီးအကဲများမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ စာမျက်နှာ ၈





# ကြေးမုံ

## အားကစားနှင့် ပြည်သူလူထုဘဝမြှင့်တင်ရေး

နိုင်ငံတစ်နိုင်ငံတွင် ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍများမှာ ဆက်စပ်မှုရှိပြီး နိုင်ငံ၏အနာဂတ်နှင့် ပြည်သူလူထုဘဝမြှင့်တင်ရေးကို အထောက်အကူပြုပါသည်။ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ မြင့်မားတိုးတက်သော နိုင်ငံများတွင် အားကစားကဏ္ဍအား မြှင့်တင်ထားနိုင်သည်ကို တွေ့ရသည်။ ထိုသို့မြှင့်တင်နိုင်သည်မှာ တိုင်းပြည်ကြွယ်ဝချမ်းသာသဖြင့် အဆိုပါကဏ္ဍများတွင် လိုအပ်သည့်ဘဏ္ဍာငွေကို ပြည့်စုံအောင် ဖြည့်ဆည်းပေးထားနိုင်သောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကြွယ်ဝချမ်းသာသော နိုင်ငံမဟုတ်သော်လည်း လက်ရှိအစိုးရအနေဖြင့် ပြည်သူလူထုကျန်းမာရေးနှင့် ပညာရေးနယ်ပယ် တိုးတက်ရေးကို ရှေးရှုသောအားဖြင့် အားကစားကဏ္ဍမြှင့်တင်ရေးကို ပြန်လည်ကြိုးပမ်း ဖြည့်ဆည်းလာသည်ကို တွေ့ရသည်။ မျက်မှောက်ကာလအနေဖြင့် လူမှုဘဝပြောင်းလဲလာမှုအခြေအနေအရ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍများမှာ မျှော်မှန်းသလောက် မတိုးတက်သေးဘဲ နိမ့်ကျနေဆဲဖြစ်သည်ဟု ဆိုနိုင်သည်။

တစ်ချိန်သောကာလ ၁၉၆၂ ခုနှစ်မတိုင်မီက ပညာတစ်ခေတ်၊ အားကစားတစ်ခေတ်ဖြစ်ခဲ့ပြီး ၁၉၇၀ ပြည့်လွန်ကာလအထိ မြန်မာ့အားကစားမှာ ရွှေခေတ်သို့ပင်ရောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မတိုင်မီက ပညာရည်ပြည့်ဝသူများ ပေါ်ထွန်းခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ အားကစားကဏ္ဍတွင် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်နှင့် တိုင်း အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပခဲ့ပြီး အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းများတွင်လည်း အားကစားပြိုင်ပွဲများကို ပုံမှန်ကျင်းပပေးနိုင်ခဲ့သည်။ ထို့ကြောင့် ထူးချွန်ထက်မြက်သည့် လူငယ်မျိုးဆက်သစ် အားကစားသမားများအား စနစ်တကျ ရွေးထုတ်ပေးနိုင်ခဲ့ပြီး မြန်မာ့အားကစားလောက ရွှေခေတ်သို့ရောက်ခဲ့သည်။

ယခုအခါ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုရရှိနိုင်ရေး၊ အားကစားကဏ္ဍတွင် အောင်မြင်မှုပြန်လည်ရရှိရေး၊ အားကစားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံနှင့် ပြည်သူလူထုဘဝမြှင့်တင်ရေးအား တစ်ဖက်တစ်လမ်းက အလေးထားလုပ်ဆောင်လာသည်ကို တွေ့ရသည်။ အားကစားပညာရပ်များ၊ သင်တန်းများ၊ အပတ်စဉ်လူထုလှုပ်ရှားမှုများ၊ ကျောင်းတွင်း အားကစားပြိုင်ပွဲများကို ပြန်လည်ပြုလုပ်ပေးလာသည်ကိုလည်း တွေ့ရသည်။

မြန်မာ့အားကစားဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသမှ မြို့ပြအထိလည်းကောင်း၊ အခြေခံပညာကျောင်းများမှ တက္ကသိုလ်၊ ကောလိပ်များအထိ လည်းကောင်း အားကစားပြိုင်ပွဲများ ပြန်လည်ပြုလုပ်ပေးရန် လွှတ်တော်တွင် ဆွေးနွေးခဲ့ကြပြီး လက်တွေ့ကျကာ ကောင်းမွန်သည့် အချက်အလက်များစွာတို့ကို အတည်ပြုပေးနိုင်ခဲ့သည်။ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ မြန်မာ့အားကစားလောကအတွက် သမိုင်းမှတ်တိုင်တစ်ခု ပြန်လည်စိုက်ထူနိုင်ရန် ကြိုးပမ်းအားထုတ်နေမှုများကို ကြိုဆိုရမည်ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် တက္ကသိုလ်၊ ကောလိပ်မပါ အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော်ရှိပြီး ကျောင်းသား ကျောင်းသူ ကိုးသန်းနီးပါးရှိသည်။ အဆိုပါကျောင်းသား ကျောင်းသူအားလုံး ပညာသင်ကြားရင်း အားကစားကဏ္ဍတွင် နေ့စဉ် ပုံမှန်ဆောင်ရွက်ကြခြင်းဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာသန်စွမ်းသော မျိုးဆက်သစ်ပြည်သူများ ဖြစ်လာမည့်အပြင် ကျောင်းတွင်ပျော်၍ ပညာတော်သူများ၊ ထူးချွန်ထက်မြက်သော လူငယ်အားကစားသမားများ ပေါ်ထွက်လာမည်မှာ သေချာပါသည်။

သို့ဖြစ်ရာ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍမြင့်မားရေးအတွက် နိုင်ငံတော်မှ ဘတ်ဂျက်များ နှစ်စဉ်တိုးမြှင့်ချထားပေးနိုင်မှုနှင့်အညီ ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ နိုင်ငံသားများ၊ ထူးချွန်ထက်မြက်သော ပညာတတ်များပေါ်ထွန်းလာရေး လုပ်ငန်းများအောင်မြင်အောင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနများ၏ ပူးပေါင်းအားထုတ်မှုနှင့် လူငယ်လူရွယ်များ စိတ်ဝင်တစားပါဝင်လာရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

# လျှပ်စစ်ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၂၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်တို့အကြား ဆဋ္ဌမအကြိမ်မြောက် လျှပ်စစ်ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော် Horizontal Lake View Resort Hotel ၌ ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒေါက်တာ သန်းမြင့်၊ ဦးဟန်ဇော်၊ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်၊ အတွင်းရေးမှူး ဦးအောင်ဇော်မြင့်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က သောက်ရေခပ် (၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အနီး သောက်ရေခပ်ချောင်းပေါ်တွင် တည်ရှိပြီး Build, Operate and Transfer (B.O.T) စနစ်ကို အခြေခံ၍ ပထမဆုံးအကောင်အထည်ဖော် တည်ဆောက်ခဲ့သည့် စီမံကိန်းဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ယခင်က သောက်ရေခပ်(၂) စက်ရုံမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို ဝန်ကြီးဌာနနှင့် ရွှေစွမ်းအင်ကုမ္ပဏီတို့ နှစ်စဉ် လျှပ်စစ်ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ်(PPA)ချုပ်ဆို ဝယ်ယူခဲ့ကြောင်း၊ ယခု ဆဋ္ဌမအကြိမ်ချုပ်ဆိုမည့် PPA စာချုပ်သက်တမ်းမှာ ငါးနှစ် ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်သည့်အတွက် ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ သောက်ရေခပ် (၂) ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်စွမ်းအားမှာ ၁၂၀ မဂ္ဂါဝပ်ဖြစ်ပြီး ဒီဇိုင်းအရ ထုတ်လုပ်နိုင်မှုမှာ နှစ်စဉ် ယူနစ်သန်းပေါင်း ၆၀၄ ဖြစ်ကြောင်း၊ စက်စတင်လည်ပတ်သည့် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ နှစ်စဉ် ပျမ်းမျှ ယူနစ်သန်းပေါင်း ၄၀၀ ဝန်းကျင်ခန့် ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရန် လျှပ်စစ်စီမံကိန်းများကို ဝန်ကြီးဌာန၏ ဘဏ္ဍာငွေနှင့် နည်းပညာတို့ဖြင့် အကောင်အထည်ဖော်တည်ဆောက်ခြင်း၊ ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုကြီးမားသော အချို့စီမံကိန်းကြီးများအား နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဝန်ကြီးဌာနတို့ပူးပေါင်း၍ JV/B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ Grid System များ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်တွင် ရေရှည်သုံးစွဲနိုင်စေရန်နှင့် လူမှုပတ်ဝန်းကျင်အား ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် သင့်လျော်သောဈေးနှုန်းဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့က ဆဋ္ဌမအကြိမ်မြောက် လျှပ်စစ်ဓာတ်အား ဝယ်ယူရေးသဘောတူစာချုပ်တွင် အပြန်အလှန် လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၂၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၀၀၀၀ | - | ၉၄၀၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၀၀၀၀ | - | ၉၄၀၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၅/၈၁၅ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၃၀ ကျပ်၊ | ၈၉၀/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၅/၇၈၅ ကျပ်၊ | ၈၄၀/၈၅၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၈၄၅/၈၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၅/၇၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/၇၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၄၄. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၉၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၇၀၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၅. ၁၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၄၈၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၁. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၂၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၂. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၇. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတ်မှတ်ရည်ညွှန်းနှုန်း**



MYANMAR Digital News
Presented by MPE
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily

# ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၉**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မကာအိုအထူးအုပ်ချုပ်ခွင့်ရဒေသမှ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုမြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah နှင့် အဖွဲ့အား အဆိုပါဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါတွေ့ဆုံပွဲနှင့် နေ့လယ်စာ တည်ခင်းဧည့်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**





## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် အမေရိကန်အခြေစိုက် Open Society Justice Initiative မှ အမှုဆောင်ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၉**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်သည် အမေရိကန်အခြေစိုက် Open Society Justice Initiative မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.James A. Goldston အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအကြောင်း သိကောင်းစရာများ၊ ဥပဒေရေးရာ အရည်အသွေးတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးမှု ပိုမိုအားကောင်းလာစေရေးအတွက် အထောက်အကူဖြစ်စေနိုင်မည့် ကိစ္စရပ်များ၊ ခုံရုံးရှိသုတေသနအရာရှိများ၏ အရည်အသွေးမြှင့်တင်ရေးအတွက် အထောက်အကူပြုပေးနိုင်ရေးကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်းနှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥရောပသမဂ္ဂ သံအမတ်ကြီးနှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် မတ် ၂၉**


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Kristian Schmidt နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်နေမှုနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ဥရောပသမဂ္ဂမှ ကူညီဆောင်ရွက်ပေးခဲ့မှုများအား ရှင်းလင်းပြောကြားရာ သံအမတ်ကြီးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆက်လက်ကူညီဆောင်ရွက်မည့် အစီအစဉ်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် EU-EOM မှ အကြံပြုချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



## Mr. Nikoloz Apkhazava အား မြန်မာနိုင်ငံဆိုင်ရာ ဂျော်ဂျီယာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက Mr. Nikoloz Apkhazava အား ကွာလာလမ်ပူမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဂျော်ဂျီယာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

Mr. Nikoloz Apkhazava ကို ၁၉၇၁ ခုနှစ် ဇူလိုင် ၆ ရက်တွင် ဂျော်ဂျီယာနိုင်ငံ Zugdidi မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၃ ခုနှစ်တွင် ဂျော်ဂျီယာနိုင်ငံ Tbilisi Ivane Javakhishvili State University မှ နိုင်ငံတကာဥပဒေဘာသာရပ်ဖြင့် ဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဂျပန်နိုင်ငံ ယိုကိုဟားမားတက္ကသိုလ်တွင် ပညာသင်ယူခဲ့ပြီး နိုင်ငံတကာနှင့် စီးပွားရေးဥပဒေမဟာဘွဲ့နှင့် နိုင်ငံတကာဥပဒေ ပါရဂူဘွဲ့တို့ကို ရရှိခဲ့သည်။ Mr. Nikoloz Apkhazava သည် ၁၉၉၃ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအထိ ဂျော်ဂျီယာလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မရှင်တွင် ကျွမ်းကျင်ပညာရှင်အဖြစ် ဆောင်ရွက်ခဲ့ပြီး စီးပွားရေးကုမ္ပဏီများတွင်လည်း ဥပဒေပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ တိုကျိုမြို့ရှိ ဂျော်ဂျီယာသံရုံးတွင် သံမှူးကြီးအဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ ဂျော်ဂျီယာနိုင်ငံသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဧပြီလမှ လက်ရှိအချိန်ထိ မလေးရှားနိုင်ငံဆိုင်ရာ ဂျော်ဂျီယာနိုင်ငံ သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

Mr. Nikoloz Apkhazava သည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

## စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများအသင်း စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၂၉**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများအသင်း AUAA ရန်ကုန်ရုံးခွဲက စီစဉ်သည့် စကားဝိုင်းဆွေးနွေးပွဲကို Market Oriented Agriculture "ဈေးကွက်ဝင်သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း" ခေါင်းစဉ်ဖြင့် မတ် ၃၁ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ကြို့ကုန်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဦးကျော်ကျော်(ရန်ကုန်တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး)၊ ဒေါက်တာဥမ္မာခိုင်၊ ဦးသက်ဦး၊ ဦးပြည်စိုး၊ ဒေါက်တာဇော်ဝင်းမင်းတို့နှင့် စောနန္ဒာအောင် (ပြည်သူ့အရေးဂျာနယ်၏ ပင်တိုင်ဆောင်းပါးရှင်) တို့က ရှုထောင့်အသီးသီးမှ ဆွေးနွေးကြမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး ဧပြီ ၂၇ ရက်တွင် ကျင်းပမည်

**ဆိုးလ် မတ် ၂၉**

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကို ဧပြီ ၂၇ ရက်တွင် ကျင်းပရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယားလက်နက် ပပျောက်စေရေးဆိုင်ရာကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နှစ်နိုင်ငံအဆင့်မြင့် ကိုယ်စားလှယ်များသည် နှစ်နိုင်ငံနယ်နိမိတ်အကြား စစ်မဲ့ဇုန်အဖြစ် သတ်မှတ်ထားသည့် ပန်မွန်ဂျုမ်ရွာ၏ မြောက်ကိုရီးယားနိုင်ငံဘက်အခြမ်းရှိ အဆောက်အအုံတစ်ခုတွင် တွေ့ဆုံကာ ထိပ်သီးအစည်းအဝေး ကျင်းပရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် ပန်မွန်ဂျုမ်ရွာ၏ တောင်ကိုရီးယားဘက်အခြမ်းရှိ အဆောက်အအုံတစ်ခုတွင် တွေ့ဆုံကြမည်ဖြစ်သည်ဟု ကိုယ်စားလှယ်များက ဆိုသည်။

ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးသည် ဆယ်စုနှစ်တစ်စုကျော်အတွင်း ပထမဆုံးအကြိမ် ကျင်းပမည့် ထိပ်သီးအစည်းအဝေးဖြစ်သည်။

ထိပ်သီးအစည်းအဝေးကျင်းပရေးအတွက် လုံခြုံရေးနှင့် သံတမန်ရေးရာကိစ္စရပ်များ ကြိုတင်ဆွေးနွေးညှိနှိုင်းရန် နှစ်နိုင်ငံ ကိုယ်စားလှယ်များက ဧပြီ ၄ ရက်တွင် ပန်မွန်ဂျုမ်ရွာ၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ကို ကိုရီးယားနှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေးဝန်ကြီး ချိုမြောင်ဂျောင်က ဦးဆောင်ခဲ့ပြီး မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ကို ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးကော်မတီအကြီးအကဲ ရီဆန်ဂွန်က ဦးဆောင်ခဲ့သည်။

နှစ်နိုင်ငံထိပ်သီးအစည်းအဝေးသည် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယားလက်နက် ပပျောက်စေရေးသာမက ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်စေရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး တိုးတက်ကောင်းမွန်စေရန် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေခံအဆင့်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**






# ၂၀၂၀ ပြည့်နှစ်ကို နီပေါခရီးသွားနှစ်အဖြစ် သတ်မှတ် ခရီးသည် ၁ ဒသမ ၅ သန်းအထိ ဆွဲဆောင်ရန် မျှော်လင့်

**ခတ္တမန္ဒူ မတ် ၂၉**

၂၀၂၀ ပြည့်နှစ်တွင် နီပေါနိုင်ငံသို့ ပြည်ပခရီးသွားဦးရေ ၁ ဒသမ ၅ သန်း လာရောက်မည်ဟု နီပေါနိုင်ငံက မျှော်မှန်းပြီး ယင်းခရီးသွားဦးရေ၏ သုံးပုံတစ်ပုံမှာ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ခရီးသွားများဖြစ်လိမ့်မည်ဟု နီပေါခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

ဟိမဝန္တာတောင်တန်းဒေသတွင် တည်ရှိသည့် နီပေါနိုင်ငံက ၂၀၂၀ ပြည့်နှစ်ကို နီပေါခရီးသွားနှစ်အဖြစ် သတ်မှတ်ကာ လှုံ့ဆော်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။ နီပေါခရီးသွားနှစ်ကို နိုင်ငံလုံးဆိုင်ရာအဆင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် တတိယအကြိမ်အဖြစ် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။

နီပေါနိုင်ငံ၏ ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ခရီးသွားနှစ်ကို ၁၉၉၈ ခုနှစ်တွင် ပထမဆုံးအကြိမ်၊ ၂၀၁၁ ခုနှစ်တွင် ဒုတိယအကြိမ် သတ်မှတ်ပေးခဲ့ပြီးဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် နီပေါနိုင်ငံသို့ နိုင်ငံခြားခရီးသွားဦးရေ ၉၄၀၂၁၈ ဦး ရောက်ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်မှစ၍ နှစ်စဉ်ခရီးသွားဦးရေ ၃၀ ရာခိုင်နှုန်းခန့် တိုးတက်လာမည်ဟု မျှော်လင့်ရပြီး ယင်းနှုန်းအတိုင်း တိုးတက်သွားပါက ၂၀၂၀ ပြည့်နှစ်တွင် နီပေါနိုင်ငံသို့ ရောက်ရှိလာမည့် ခရီးသွားဦးရေမှာ ၁ ဒသမ ၅သန်းရှိမည်ဖြစ်သည်။

တရုတ်နှင့်အိန္ဒိယနိုင်ငံများသည် နီပေါနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်၏ ကြီးမားသော အရင်းအမြစ်များဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံကြီးနှစ်နိုင်ငံမှ နီပေါနိုင်ငံသို့ လာရောက်မည့် ခရီးသွားဦးရေမှာ အဓိကကျပြီး ယင်းနိုင်ငံတို့မှ ခရီးသွားဧည့်သည်များ တိုးမြှင့်လာရောက်ရေးအတွက် ဆွဲဆောင်လှုပ်ရှားသွားမည်ဖြစ်ကြောင်း နီပေါယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းဝန်ကြီးဌာန အတွင်းဝန် ခရစ်ရှနာပရာဆတ် ဒီဗက်ကိုတာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

လတ်တလောအချိန်တွင် နီပေါခရီးသွားနှစ် ၂၀၂၀ ပြည့်နှစ်အတွက် တရုတ်နှင့် အိန္ဒိယမှ ခရီးသွားများ လာရောက်ရေးအတွက် မည်သည့် ဆွဲဆောင်စည်းရုံးမှုကိုမျှ မပြုလုပ်သေးကြောင်း၊ သို့သော် မိမိတို့၏အလွတ်သဘော ခန့်မှန်းချက်အရ အိမ်နီးချင်းနိုင်ငံကြီးနှစ်နိုင်ငံတို့မှ ခရီးသွားဦးရေ ၂၅၀၀၀၀ ခန့် လာရောက်မည်ဟု မျှော်လင့်ရကြောင်း၊ ၂၀၁၇ ခုနှစ်တွင် နီပေါနိုင်ငံသို့ တရုတ်ခရီးသွားဦးရေ ၁၀၄၆၆၄ ဦးနှင့် အိန္ဒိယမှ ခရီးသွားဦးရေ ၁၆၀၈၃၂ ဦးတို့ လာရောက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**

# ဟိုချီမင်းမြို့ရှိ နိုင်ငံတကာလေဆိပ်၌ ခရီးသည်များ နားနေဆောင်သစ်တည်ဆောက်မည်

**ဟိုချီမင်း မတ် ၂၉**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ တန်ဆောင်နတ်နိုင်ငံတကာလေဆိပ်၌ ခရီးသည်များနားနေဆောင်အဆောက်အအုံသစ် တည်ဆောက်ရန် အစိုးရအဖွဲ့က ဆုံးဖြတ်လိုက်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက မတ် ၂၉ ရက်တွင် ပြောကြားသည်။

ခရီးသည်များ နားနေဆောင်အဆောက်အအုံသစ် တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၇၈၆ သန်းခန့် ရင်းနှီးမြှုပ်နှံရမည်ဟု ခန့်မှန်းထားသည်။ အဆိုပါလေဆိပ်တောင်ဘက်ခြမ်း၌ ကြမ်းခင်းဧရိယာ စတုရန်းမီတာ ၂၀၀၀၀၀ ရှိမည့် ခရီးသည်များ နားနေဆောင်သစ်သည် တစ်နှစ်လျှင် နောက်ထပ်ခရီးသည် သန်း ၂၀ အထိ ဝန်ဆောင်ပေးနိုင်စွမ်းရှိမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တန်ဆောင်နတ် နိုင်ငံတကာလေဆိပ်၏ မြောက်ဘက်အပိုင်းတွင် ဂေါက်သီးကစားကွင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်ရှိ အကျယ်အဝန်း ၁၆ ဟက်တာရှိ မြေကွက်တို့ပါဝင်ပြီး လေယာဉ်တင် ကုန်စည်စခန်းနှင့် လေယာဉ်ပြင်ဆင်ရေးစခန်းတို့ကဲ့သို့သော အထောက်အကူပြု အဆောက်အအုံများကို တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါလေဆိပ်သည် ခရီးသည် အဝင်၊ အထွက်များသော လေဆိပ်ဖြစ်ပြီး တစ်နှစ်လျှင် ခရီးသည် ၃၅ သန်းခန့်အတွက် ဝန်ဆောင်မှုပေးနေရသဖြင့် လာမည့်နှစ်အနည်းငယ်အတွင်း တစ်နှစ်လျှင် ခရီးသည်သန်း ၄၀ မှ ၅၀ အထိ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် လေဆိပ်တိုးချဲ့ရေးလုပ်ငန်း ဆောင်ရွက်ရန် ဟိုချီမင်းမြို့ အာဏာပိုင်များအား အစိုးရအဖွဲ့က တိုက်တွန်းခဲ့သည်။

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းပြည်နယ်၌ လျောင်ဂန်းအမည်ရှိ နိုင်ငံတကာလေဆိပ်သစ်ကို တည်ဆောက်ရန်လည်း အစိုးရအဖွဲ့က ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါလေဆိပ်သစ်ကို ၂၀၂၅ ခုနှစ်တွင် ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ရသည်။

**ဆင်ဟွာ**



# ရဲတပ်ဖွဲ့၏ အကျဉ်းစခန်းမှ ဖောက်ထွက်ရန် ကြိုးပမ်းရာမှ မီးလောင်မှုဖြစ်ပွား၊ ၆၈ ဦးသေဆုံး

**ကာရာကတ် မတ် ၂၉**

ဗင်နီဇွဲလားနိုင်ငံ ဗယ်လင်စီယာမြို့၌ ရဲတပ်ဖွဲ့က ဖွင့်ထားသော အကျဉ်းခန်းများမှ ဖောက်ထွက်ရန် ကြိုးပမ်းမှုဖြစ်စဉ်အတွင်း လူပေါင်း ၆၈ ဦး သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ပိုင်းကာဘိုဘိုပြည်နယ်၌ ရဲစခန်းတစ်ခုနှင့် တွဲဖက်ထားသော ထိန်းသိမ်းရေးစခန်း၌ မီးလောင်မှုမှာ ရှို့မီးဖြစ်သည်ဟု ယူဆရကြောင်း၊ မတ် ၂၉ ရက် အရုဏ်တက်ပြီးအချိန်တွင် အကျဉ်းသားများက ဖောက်ထွက်ရန် ကြိုးပမ်းရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ အဓိကရုဏ်းများ ဖြစ်ပွားခဲ့ပြီး ၆၈ ဦးအထိ သေဆုံးခဲ့ရကြောင်း ရှေ့နေချုပ် တာရက်ဝီလျံဆက်က ပြောကြားသည်။

အကျဉ်းသားအချို့သည် အိပ်ရာများကို မီးရှို့ခဲ့ကြပြီး အစောင့်တစ်ဦးထံမှ သေနတ်တစ်လက်ကို လုယူရန် ကြိုးပမ်းခဲ့ကြောင်း၊ အကျဉ်းကျနေသူများ၏ ဆွေမျိုးသားချင်းများက ရဲစခန်းအပြင်ဘက်တွင် စုဝေးရောက်ရှိခဲ့ကြပြီး ၎င်းတို့ကို မျက်ရည်ယိုဗုံး အသုံးပြု၍ လူစုခွဲခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ရှင်းလင်းဆွေးနွေး

**နေပြည်တော် မတ် ၂၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက် အစီရင်ခံစာ(၅/၂၀၁၈)** အပါအဝင် လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေစာရင်းများ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် လွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်းပြီး မူဝါဒအပိုင်း၊ စီမံခန့်ခွဲမှုအပိုင်းနှင့် စာရင်းစစ်ချုပ်ရုံး အပိုင်းဟူ၍ အပိုင်းသုံးပိုင်း တွေ့ရှိရပါကြောင်း၊ မူဝါဒ အပိုင်းနှင့် စီမံခန့်ခွဲမှုအပိုင်းများကို သက်ဆိုင်ရာ အစီအစဉ်နှင့် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ စာရင်းစစ်ချုပ်ရုံး အပိုင်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ဆွေးနွေးချက်ကို ပြန်လည်ရှင်းလင်း ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

ပထမဆုံး လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချို ဆွေးနွေးသည့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ လွှဲပို့ငွေထဲတွင် မသုံးစွဲသဖြင့် ပိုလျှံငွေ များကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ ပေးသွင်းရန် ကျန်ငွေကျပ် ၀ ဒသမ ၀၈၂ သန်းအနက် ငွေကျပ် ၀ ဒသမ ၀၀၁ သန်းကို ပေးသွင်းခဲ့ပြီး ကျန်ငွေကျပ် ၀ ဒသမ ၀၈၁ သန်းကို မပေးသွင်းခဲ့ပါကြောင်း၊ ၎င်းတို့မှာ ကသာမြို့နယ်မှ ငွေကျပ် ၀ ဒသမ ၀၁၆ သန်း၊ ကံမမြို့နယ်မှ ငွေကျပ် ၀ ဒသမ ၀၀၁ သန်း၊ ကျိုက်မရောမြို့နယ်မှ ငွေကျပ် ၀ ဒသမ ၀၁၀ သန်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ ငွေကျပ် ၀ ဒသမ ၀၅၀ သန်း၊ ဆိပ်ကမ်းမြို့နယ်မှ ၀ ဒသမ ၀၀၁ သန်းနှင့် ခရမ်းမြို့နယ်မှ ငွေကျပ် ၀ ဒသမ ၀၀၃ သန်း



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပစဉ်။

စုစုပေါင်းငွေကျပ် ၀ ဒသမ ၀၈၁ သန်းဖြစ်ပြီး အဆိုပါ ငွေများကို ၂၀၁၈ ခုနှစ် မတ်လ ၁၄ ရက်အထိ ငွေတိုက်ဦးစီးဌာနမှ ပေးပို့သည့် စာရင်းများအရ လွှဲပြောင်းပေးသွင်းမှု မရှိသေးပါကြောင်း။

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် မူလတန်းကြိုကျောင်းအား မူလအဆိုပြုချက်အတိုင်း မဆောက်လုပ်သဖြင့် ပြန်လည်ပေးသွင်းရမည့် ငွေကျပ်သန်း ၄ ဒသမ ၉၀ ကို ငွေတိုက်ဦးစီးဌာနသို့ ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက်တွင် ပြန်လည်ပေးသွင်းပြီးဖြစ်ကြောင်း ကချင်ပြည်နယ် လွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ရုံးသို့ တင်ပြထားပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အဒွန်းကျေးရွာ စာသင်ကျောင်းရှေ့ ကမ်းပြိုနေရာတွင် ကမ်းပါးထိန်းနံရံပြုလုပ်ခြင်းမှ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို ၂၀၁၈ ခုနှစ် မတ်လ ၁၃ ရက်တွင် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တွံတေးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်ရုံးသို့ တင်ပြထားပါကြောင်း။

ပုဏ္ဏားကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်က မြို့နယ်စာရင်းစစ်အဖွဲ့များမှ စာရင်းနှင့် မြေပြင်လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးသည့် လုပ်ငန်းအားလုံးကို နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ သွားရောက်စစ်ဆေးပေးရန် အဆင့်ဆင့်ညွှန်ကြားပေးသင့်သည်ဟု ဆွေးနွေးထားပါကြောင်း။

ဝေးသည့်ဒေသ၊ နယ်မြေလုံခြုံမှုမရှိသောဒေသများကို ဓာတ်ပုံအထောက်အထားများနှင့်သာ စစ်ဆေးနေကြရပြီး မြေပြင်မစစ်ဆေးနိုင်ပါကြောင်း၊ သို့ရာတွင် မြေပြင်စစ်ဆေးမှုကို လွှတ်တော်ကိုယ်စားလှယ် တင်ပြဆွေးနွေးသကဲ့သို့ နယ်မြေလုံခြုံမှုမရှိသော ဒေသများမှအပ လုပ်ငန်းများကို သွားရောက်စစ်ဆေးရန် ဒေသစာရင်းစစ်ရုံးများသို့ ညွှန်ကြားသွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ ဖွံ့ဖြိုးရေးရန်ပုံငွေကို ထိရောက်အကျိုးရှိစွာ အသုံးပြုရေးနှင့် ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို ကူညီထိန်းကျောင်းပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီမှ အတွင်းရေးမှူး ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်က အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရာတွင် ကိုယ်စားလှယ်အများစုသည် မိမိတို့မဲဆန္ဒနယ်မြေများတွင် ပြည်သူလူထု အမှန်တကယ် လိုအပ်သည့် လုပ်ငန်းများကို အကျိုးရှိစွာ ဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်သူများ၏ ယုံကြည်မှုကိုလည်း ရရှိခဲ့သည့်အတွက် ခွင့်ပြုရန်ပုံငွေအပါအဝင် ပြည်သူထည့်ဝင်ငွေဖြင့် လုပ်ငန်းကြီးများကို လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည်ကို သိရှိရသည့်အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါကြောင်း။

ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များ၊ အကြံပြုချက်များကို အနှစ်ချုပ်ကြည့်သည့်အခါ နယ်မြေဒေသအကျယ်အဝန်း၊ ဖွံ့ဖြိုးမှု အနည်း/အများအပေါ် မူတည်ပြီး ဖွံ့ဖြိုးရေးရန်ပုံငွေကို လိုအပ်သည့်ဒေသများတွင် ပိုမိုခွဲဝေသုံးစွဲရေး၊ မြေပြင်ပကတိအခြေအနေများ၊ ဆောင်ရွက်မှု အတွေ့အကြုံများအပေါ် အခြေခံ၍ လုပ်ငန်းတစ်ခုလျှင် ငွေကျပ်သိန်း ၅၀ ထက် မပိုစေရဆိုသည့်အချက်ကို သင့်လျော်သည့် ပမာဏသတ်မှတ်ပြီး ပိုမိုခွင့်ပြုနိုင်ရေး၊ ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် အစီအမံများချမှတ်ရေး၊ အစီရင်ခံစာ အပိုဒ် ၁၅(ခ)၊ အပိုဒ်၁၆(က)ရှိ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများအသုံးအနှုန်းအစား လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများဟု ပြောင်းလဲပြီး ပြည်ထောင်စုနယ်မြေရှိ မြို့နယ်များအတွက် ပြည်ထောင်စုလွှတ်တော်ရုံး၏ ဘတ်ဂျက်မှလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ ရှိ မြို့နယ်များအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ရုံးများ၏ ဘတ်ဂျက်မှလည်းကောင်း၊ ထောက်ပံ့ငွေ အသုံးစရိတ်အဖြစ် လျာထားဆောင်ရွက်ရေး ကိစ္စရပ်ကို တည်ဆဲဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသွားသည်ကိုလည်း တွေ့ရှိရပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီအနေဖြင့် တည်ဆဲဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် မတ် ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာတို့ကို သက်ဆိုင်ရာ ကော်မတီအလိုက် သဘောတူလက်ခံရန် အဆိုတင်သွင်းကြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တိုင်းရင်းသားရေးရာကော်မတီနှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတို့ကို သက်ဆိုင်ရာ ကော်မတီအလိုက် အဆိုတင်သွင်းကြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့်အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့်အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက ကော်မတီ၏ လုပ်ဆောင်ချက်များသည် မည်သည့်အခြေအနေအထိ ထိရောက်သည်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ ပဉ္စမပုံမှန်အစည်းအဝေး ငါးကြိမ်အတွင်း ကော်မတီ၏ အစီရင်ခံစာများတွင် အဆိုပေါင်း ခြောက်ခုမှ တစ်ခုသာပြီးမြောက်ပြီး ငါးခု ကျန်ရှိနေပါကြောင်း၊ ကြယ်ပွင့်ပြမေးခွန်းပေါင်း ၃၆၂ ခုတွင် ၁၇ ခုသာ ပြီးပြတ်ပြီး ၃၄၅ ခုကျန်နေပါကြောင်း၊ ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၂၇၅ ခုတွင် ၁၈ခုပြီးမြောက်ပြီး ၂၅၇ ခု ကျန်ရှိနေပါကြောင်း၊ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာန



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်း



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်

များ၏ ဆောင်ရွက်မှုကိစ္စပြီးစီးမှုရာခိုင်နှုန်း အဆို ၁၆ ဒသမ ၆ ရာခိုင်နှုန်း၊ ကြယ်ပွင့်ပြမေးခွန်း ၄ ဒသမ ၇ ရာခိုင်နှုန်း၊ ကြယ်ပွင့်မပြမေးခွန်း ၆ ဒသမ ၅ ရာခိုင်နှုန်းသာ အောင်မြင်သည်ဟု ဆိုနိုင်ပါကြောင်း၊ ကော်မတီအနေဖြင့်လည်း မကြာခဏအဖွဲ့အစည်းများဖွဲ့၍ ကွင်းဆင်းစစ်ဆေးလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း မိမိတို့ဒေသရောက်ရှိပါက ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က အဆိုနှင့်စပ်လျဉ်း၍ ကော်မတီ၏ဆောင်ရွက်မှုများကို ကျေးဇူးတင်ပါကြောင်း၊ ယင်းအဆိုသည် မိမိတို့အတွက် များစွာအရေးကြီးပါကြောင်း၊ အကြံပြုလိုသည်မှာ စီမံကိန်းများအတွက် ကုမ္ပဏီများနှင့် နှစ်ဦးနှစ်ဖက် စာချုပ်ချုပ်ဆိုရာတွင် ပုဂ္ဂလိကကုမ္ပဏီများကိုလည်း မျှတမှုရှိစေရန်၊ နိုင်ငံတော်၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာပျက်စီးမှုနှင့် အလုပ်သမားများ၊ ဝန်ထမ်းများ၏ နစ်နာမှုစသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အခြေအနေများကို ထည့်သွင်းချုပ်ဆို၍ အဆိုပါ အခြေအနေများကို မည်သို့ အစားထိုးဆောင်ရွက်မည်ဆိုသည်ကို စာချုပ်များတွင် တည်ဆဲဥပဒေများနှင့်အညီ ရေးဆွဲသွားမည်ဆိုပါက မလိုလားအပ်သည့် ပြဿနာများ မဖြစ်ပေါ်ပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပြဿနာဖြစ်ပေါ်ပါက မည်သို့ ပြစ်ဒဏ်များချမှတ်မည်ဆိုသည်ကို ထည့်သွင်းရေးဆွဲရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာခွန်ဝင်းသောင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးခင်မျိုးဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဦးဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဆိုပါ အစီရင်ခံစာကို သဘောတူလက်ခံရန်အဆိုတင်သွင်း၍ လွှတ်တော်၏အတည်ပြုချက်ရယူသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ဆက်စကားပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတ္တမပုံမှန် အစည်းအဝေးကာလအတွင်း မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းတို့အပြင် ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ နိုင်ငံတော်၏ အမျိုးသား စီမံကိန်း၊ ဘတ်ဂျက်နှင့်အခွန်အကောက်ဆိုင်ရာ ဆွေးနွေးစိစစ်ခြင်းနှင့် နိုင်ငံတော်သမ္မတ ရွေးချယ်ရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်ခဲ့ကြရပြီး ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် အစည်းအဝေးပြီးဆုံးပြီး မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးကို ပြန်ရတော့မည်ဖြစ်ပါကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေများကို ပြန်လည်ရောက်ရှိသည့်အခါ မိမိတို့နယ်မြေဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များ၊ ပြည်သူလူထု၏ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နိုင်ငံတော်၏အကျိုး၊ မဲဆန္ဒရှင်ပြည်သူများ၏အကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် မိမိတို့နေရပ်ဒေသသို့ ဘေးမသီရန်မခဘဲ ချောမောစွာရောက်ရှိကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး


ဒုတိယဝန်ကြီး ဦးအောင်လှထွန်း


အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ


သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်

**နေပြည်တော် မတ် ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၏ **နိုင်ငံတကာအဆင့်မီ သတင်းမီဒီယာသမားများ ပေါ်ထွန်းလာစေရေးအတွက် သတင်းမီဒီယာကျောင်းများ ဖွင့်လှစ်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ သတင်းသမားကောင်းများ မျိုးဆက်မပြတ် ပေါ်ထွန်းလာရေးအတွက် ရေရှည်၊ ရေတို စီမံကိန်းများချမှတ်ကာ သတင်းမီဒီယာကျောင်းများဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

## ပေါ်ထွန်းလာရေး

သတင်းမီဒီယာကျောင်းများ ပေါ်ထွန်းရေးအတွက် ယူနက်စကိုအပါအဝင် နိုင်ငံတကာမှ မီဒီယာဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းမီဒီယာအဖွဲ့များနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ဖွင့်လှစ်ထားပြီးဖြစ်သည့် မြန်မာနိုင်ငံသတင်းမီဒီယာ အတတ်သင်တန်းကျောင်း(Myanmar Journalism Institute)နှင့် မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Myanmar Media Development Center)တို့နှင့် မီဒီယာသမားကောင်းများ ပေါ်ထွန်းလာရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယမေးခွန်းဖြစ်သည့် မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီက သတင်းသမား အသိအမှတ်ပြုကတ်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ပြန်ကြားချက်အပေါ် အခြေခံပြီး ဖြေကြားရာတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ လက်ရှိအနေအထားအရ မြန်မာနိုင်ငံအတွင်းရှိ သတင်းသမားအားလုံးကို တစ်ဦးချင်းစိစစ်ကာ သတင်းသမား အသိအမှတ်ပြုကတ်ပြား ထုတ်ပေးရန် လက်တွေ့မကျသော လုပ်ငန်းဖြစ်နေပါကြောင်း၊ နိုင်ငံတော်က အသိအမှတ်ပြုထားသော သတင်းမီဒီယာ အဖွဲ့အစည်းများဖြစ်ကြသည့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA)၊ မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)၊ မြန်မာသတင်းသမဂ္ဂ(MJU)၊ မြန်မာအမျိုးသမီးသတင်းသမားအဖွဲ့(MWJS)၊ မြန်မာနိုင်ငံတကာသတင်းအဖွဲ့(BNI)၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း(MFCC)တို့က တာဝန်ယူထုတ်ဝေပေးထားသော သတင်းသမားကတ်များနှင့် ပြန်ကြားရေးဝန်ကြီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတွင် တရားဝင်မှတ်ပုံတင်ထားပြီး ထုတ်လုပ်ဖြန့်ချိနေကြသော ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အွန်လိုင်းမီဒီယာတို့က သတင်းသမားများအား ထုတ်ပေးထားသည့် အသိအမှတ်ပြုကတ်ပြားများကို ထပ်ဆင့်အသိအမှတ်ပြုခြင်းကိုသာ သတင်းမီဒီယာကောင်စီက ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ သတင်းသမားများအား အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးရန်သည် သတင်းမီဒီယာ အဖွဲ့အစည်းများနှင့် သတင်းမီဒီယာတိုက်များ တာဝန်ဖြစ်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် ယင်းအဖွဲ့အစည်းများနှင့် မီဒီယာတိုက်များ လုပ်ကိုင်ဆောင်ရွက်ချက်များ ကျင့်ဝတ်နှင့် ညီ၊ မညီကြီးကြပ်ရန်သာ တာဝန်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ရုပ်ရှင်ရုံ ၇၀

သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၏ **နိုင်ငံတော်က ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များထံ ရောင်းချခဲ့သော ရုပ်ရှင်ရုံနေရာများ၌ အနည်းဆုံး ရုပ်ရှင်ရုံတစ်ရုံ ပြန်လည်တည်ဆောက်ပေးရန် သဘောတူညီမှုဖြင့် ရောင်းချခဲ့သော်လည်း ယနေ့တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမပြုသေးသည့် ရုပ်ရှင်ရုံ ၄၁ ရုံနှင့် ပတ်သက်၍သော်လည်းကောင်း၊ Digital စနစ်ဖြင့် ပြောင်းလဲအသုံးပြုပြသခြင်းမရှိသေးသော ရုပ်ရှင်ရုံ ၇၀ ရုံနှင့် ပတ်သက်၍သော်လည်းကောင်း မည်ကဲ့သို့ အရေးယူစီမံဆောင်ရွက်မည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိုင်ငံတော်မှ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များသို့ အပြီးရောင်းချခဲ့သည့် ရုပ်ရှင်ရုံပေါင်း ၁၃၆ ရုံရှိပြီး ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် စည်းကမ်းသတ်မှတ်ချက်ပါသည့် ရုပ်ရှင်ရုံ ၉၄ ရုံနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် စည်းကမ်းသတ်မှတ်ချက်မပါသည့် ရုပ်ရှင်ရုံ ၄၂ ရုံဖြစ်ပါကြောင်း၊ ရုပ်ရှင်ပြသခြင်းနှင့်စပ်လျဉ်း၍ ယခင်က ဖလင်စနစ်နှင့် ပြသခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ဖလင်များရှားပါးလာမှုနှင့်အတူ ရုပ်ရှင်ထုတ်လုပ်ရေးသည်လည်း ကျဆင်းလာခဲ့ပါကြောင်း၊ တစ်နှစ်တာလုံးတွင် ရုပ်ရှင်ကားထုတ်လုပ်မှုသည် ဆယ်ဂဏန်းအောက် လျော့သည့် အခြေအနေထိ ဖြစ်လာခဲ့ပါကြောင်း၊ နိုင်ငံတကာတွင် ဖလင်များသုံးစွဲခြင်းမရှိသလောက် နည်းပါးလာမှုကြောင့် မြန်မာ့ရုပ်ရှင်ပြန်လည်ဦးမော့ရန်ဆိုလျှင် ကမ္ဘာတွင်အသုံးပြုနေသည့် Digital စနစ်ကို ပြောင်းလဲရန် လိုအပ်လာပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်ရုံများတွင် Digital Cinema Package(DCP)အဖြစ် အသွင်ပြောင်းနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်မှစပြီး တွန်းအားပေး ဆောင်ရွက်ခဲ့ပါကြောင်း။

## ကူညီပံ့ပိုးပေး

ပုဂ္ဂလိကကို အပြီးရောင်းချပြီးဖြစ်သည့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရမည့် ရုပ်ရှင်ရုံ ၉၄ ရုံအနက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်အထိ Digital စနစ်သို့ ပြောင်းလဲပြီး ပြသလျက်ရှိသည့် ရုပ်ရှင်ရုံ ၁၄ ရုံသာရှိပြီး ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် Digital စနစ်သို့ ပြောင်းလဲပြသနိုင်မည့် ရုပ်ရှင်ရုံ ၅ ရုံသာရှိသည့်အတွက် Digital စနစ်သို့ ပြောင်းလဲရန် ရုပ်ရှင်ရုံ ၇၅ ရုံ ကျန်ရှိနေပါကြောင်း၊ ရုပ်ရှင်ရုံများနှင့်ပတ်သက်၍ ရုပ်ရှင်ပြသရန် သတ်မှတ်ထားသော်လည်း ရုပ်ရှင်ပြသမှုမရှိခြင်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်နေခြင်းအတွက် စာချုပ်ပါ စည်းကမ်းဖောက်ဖျက်မှုများအပေါ် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စည်းကမ်းဖောက်ဖျက်သည့် ရုပ်ရှင်ရုံများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း မိမိတို့အနေဖြင့် Digital စနစ်သို့ ပြောင်းလဲရာတွင် အရင်းအနှီးအခက်အခဲ၊ နည်းပညာအခက်အခဲကြောင့် ဆောင်ရွက်ရန် နှောင့်နှေးနေသည့် အခြေအနေကို ကူညီဖြေရှင်းသည့်အနေဖြင့် Digital စနစ်ဖြင့် ပြောင်းလဲပြသနိုင်ရန် စိတ်ဝင်စားသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရုပ်ရှင်ရုံများဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်နိုင်ရန် ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချထားသည့် ရုပ်ရှင်ရုံများနှင့် ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် နှစ်ရှည်ငှားရုပ်ရှင်ရုံများ၏ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များထံ လွှဲပြောင်းနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလို လွှဲပြောင်းပေးနိုင်ခြင်းအားဖြင့် ရုပ်ရှင်ရုံများဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရများအလိုက် ပိုမိုအာရုံစိုက်ပြီး ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

## Digital စနစ်သို့

ရုပ်ရှင်ကားများ ထုတ်လုပ်မှုများပြားလာသည်နှင့် အမျှ ပုဂ္ဂလိကရုပ်ရှင်ရုံများလည်း ပေါ်ပေါက်လာနေပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ပိုင် ရုပ်ရှင်ရုံ ၂၇ ရုံရှိသည့်အနက် Red Theater အဖြစ် စီစဉ်ဆောင်ရွက်နေသည့် ရုပ်ရှင်ရုံ(၁)ရုံမှအပ ပုဂ္ဂလိကသို့ နှစ်ရှည်ငှားရမ်းထားသည့် ရုပ်ရှင်ရုံ ၂၆ ရုံရှိသည့်အနက် Digital စနစ်သို့ ပြောင်းလဲပြီးသည့် ရုပ်ရှင်ရုံ ၂၂ ရုံရှိနေပြီး ကျန်ရှိနေသည့် ၄ ရုံကိုလည်း Digital စနစ်သို့ ပြောင်းလဲနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ **အများပြည်သူ သတင်းအချက်အလက်ရယူပိုင်ခွင့်နှင့် စပ်လျဉ်း၍ မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အများပြည်သူ သတင်းအချက်အလက်ရယူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများစာရင်းကို ဖွဲ့စည်းထုတ်ပြန်ထားပြီး ပြန်ကြားရေးဝန်ကြီးဌာန Web Portal ဖြစ်သည့် www.moi.gov.mm တွင် လွှင့်တင်ထားပါကြောင်း၊ ထို့အပြင် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသော ဦးစီးဌာန၊ လုပ်ငန်းများသို့ ရုံးလုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရန် လာရောက်ကြသည့် ပြည်သူများအနေဖြင့် အဆင်ပြေလွယ်ကူစေရေးအတွက် သက်ဆိုင်ရာဌာနများ၏ ရုံးလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များနှင့် လိုအပ်သည့် သတင်းအချက်အလက်များကို အများပြည်သူမြင်သော နေရာများတွင် ချိတ်ဆွဲပြသထားရန်နှင့် Website၊ Social Media အစရှိသော အင်တာနက် လူမှုကွန်ရက်များတွင် ဖော်ပြပေးခြင်းတို့ကို အထူးအလေးထားဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးက ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့သို့လည်းကောင်း အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ Web Portal၊ Website နှင့် Social Media များတွင် လွှင့်တင်ထားသည့် ကိန်းဂဏန်း၊ စာရင်း၊ ဇယားနှင့် အချက်အလက်အချို့တွင် အချိန်ကြာမြင့်သည်နှင့်အမျှ ပြောင်းလဲခဲ့ပြီးဖြစ်သည့်အတွက် ယင်းတို့ကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်စေရန်အတွက် စဉ်ဆက်မပြတ် Update လုပ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်သွယ်ညှိနှိုင်း နှိုးဆော်လျက်ရှိပါကြောင်း။

## Call Center

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရရှိသည့် အချက်အလက်များ၊ ရုံးလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်အပါအဝင် အခြားသောဝန်ကြီးဌာနများ၏ သတင်းအချက်အလက်များ၊ မိုးလေဝသသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများနှင့် နေ့စဉ်လုပ်ငန်း ဆောင်ရွက်မှုသတင်းများကို ပြည်သူများအလွယ်တကူ သိရှိနိုင်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနCall Center Hot Line(1883) ဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ထို့အပြင် ဒီမိုကရေစီ လူ့ဘောင်တစ်ခုတွင် အများပြည်သူသို့ မဏ္ဍိုင် ၃ ရပ်၏ လုပ်ကိုင်ဆောင်ရွက်မှုများကို အသိပေးရသည့် သတင်းမီဒီယာများမှတစ်ဆင့် အများပြည်သူ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို စနစ်တကျပေးပို့နိုင်ရန်အတွက် မဏ္ဍိုင် ၄ ရပ် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေးပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ ပြုလုပ်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံသားအားလုံး သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို စနစ်တကျရရှိစေရန်အတွက် သတင်းအချက်အလက် ရပိုင်ခွင့်ဥပဒေ (Right to Information Law)ပြဋ္ဌာန်းနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ထုတ်ဝေဖြန့်ချိ

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **ပုဂ္ဂလိကသတင်းစာများ အားကောင်းမောင်းသန် ရှင်သန်ရပ်တည်သွားနိုင်ရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုအစီအမံများရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကသတင်းစာ ၃၇ စောင်နှင့် ဌာနဆိုင်ရာသတင်းစာ ၇ စောင် စုစုပေါင်း ၄၄ စောင်ကို ထုတ်ဝေခွင့်ပြုထားပါကြောင်း၊ ယင်းတို့အနက် လက်ရှိအခြေအနေတွင် မန္တလေးနေ့စဉ်၊ မြဝတီရောင်စုံ၊ ရတနာပုံ၊ မြို့တော်၊ မြန်မာ့အလင်း၊ ကြေးမုံနှင့် Global New Light of Myanmar စသည့် ဌာနဆိုင်ရာသတင်းစာများ စုစုပေါင်း ၇ စောင်ရှိပါကြောင်း၊ ပုဂ္ဂလိကသတင်းစာများမှာ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် The Straits Times၊ New York Times၊ Myanmar Times နှင့် China Daily လေးစောင်ရှိပါကြောင်း၊ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် စံတော်ချိန်၊ ခေတ်သစ်၊ ဒီမိုကရေစီတူဒေး၊ 7 day daily, Daily Eleven၊ The Voice Daily၊ ပြည်ထောင်စုနေ့စဉ်၊ မြန်မာတိုင်းမ်၊ မြန်မာသံတော်ဆင့်၊ ဝိတိုရိယနှင့် ညနေခင်း သတင်းစာ ၁၁ စောင်နှင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် တအာင်း(ပလောင်)စသည့် တိုင်းရင်းသားဘာသာအသီးသီးဖြင့် ထုတ်ဝေနေသည့် သတင်းစာနှင့် ဂျာနယ် ၄၇ စောင် ရှိပါကြောင်း၊ အဆိုပါ အခင်းအကျင်းကို ကြည့်ခြင်းအားဖြင့် ပုဂ္ဂလိကသတင်းစာများ လွတ်လပ်စွာ ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း။

## ပြောင်းလဲထုတ်ဝေ

ယခုအခါ နိုင်ငံတကာတွင် ဆက်သွယ်ရေးနည်းပညာ တစ်ဟုန်ထိုးတိုးတက်လာသည့်အလျောက် Online Media မှာ လျင်မြန်စွာ ဖွံ့ဖြိုးလာနေပြီး Print Media များ၏ အခန်းကဏ္ဍမှာ တရိပ်ရိပ် ကျဆင်းလာနေသည်ကို တွေ့ရပါကြောင်း၊ ၂၀၀၈ ခုနှစ်ခန့်မှစတင်၍ ကမ္ဘာကျော်သတင်းစာကြီးများအပါအဝင် ပုံနှိပ်သတင်းစာ အများအပြားကို အွန်လိုင်းသတင်းစာအဖြစ် လုံးဝပြောင်းလဲ၍ဖြစ်စေ၊ ပုံနှိပ်သတင်းစာနှင့် ယှဉ်တွဲ၍ဖြစ်စေ စတင်ထုတ်ဝေလာခဲ့ကြပါကြောင်း၊ ၁၇၃၄ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည့် ကမ္ဘာ့သက်တမ်းအရှည်ဆုံး Lloyd's List Journal သည် ပုံနှိပ်ထုတ်ဝေနေရာမှ Online Version သို့ ၂၀၁၃ ခုနှစ်တွင် ပြောင်းလဲခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း Mizzima Newspaper အပါအဝင် သတင်းစာအများအပြားကို Digital Newspaper များအဖြစ် ပြောင်းလဲထုတ်ဝေလာခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း။

ပုံနှိပ်သတင်းစာများ ရပ်တည်ရန် ခက်ခဲရသည့် အဓိကအကြောင်းရင်းတစ်ခုမှာ သတင်းစာများ ရောင်းချရမှုနှင့် ကြော်ငြာမှရရှိသည့်ဝင်ငွေတို့ ကျဆင်းလာရခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ကြော်ငြာဝင်ငွေများသည် ပုံနှိပ်မီဒီယာအပြင် ရေဒီယိုရုပ်သံ (Broadcast)နှင့် (Digital)အစရှိသည့် Online Media များသို့ ခွဲဝေပေးနေရမှုကြောင့် ပုံနှိပ်မီဒီယာများအနေဖြင့် ကြော်ငြာမှရရှိသည့် ဝင်ငွေများ ကျဆင်းလျက်ရှိရာ လုပ်ငန်းလုပ်ကိုင်ရာတွင် ကန့်သတ်ချက်များ ကြုံတွေ့ရခြင်းဖြစ်ပါကြောင်း။

## ကင်းလွတ်ခွင့်မရ

သတင်းစာအပါအဝင် ပုံနှိပ်လုပ်ငန်းများအနေဖြင့် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အမြတ်ခွန် အစရှိသည့် အခွန်အခများကြောင့် လုပ်ငန်းများလုပ်ကိုင်ရာတွင် အခက်အခဲများရှိနေသည့်အတွက် Withholding Tax ကို နိုင်ငံတော်အစိုးရက ပယ်ဖျက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရပါကြောင်း၊ အခွန်အခများ ကင်းလွတ်ခွင့်ရရှိရေး၊ လျှော့ပေါ့ပေးရေးကိစ္စသည် သက်ဆိုင်သူများအားလုံး ဝိုင်းဝန်း၍ ဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန တစ်ခုတည်းက ဆောင်ရွက်၍မရနိုင်ပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများသည်လည်း ဈေးကွက်စီးပွားရေးမူဝါဒများအရ အခွန်အခများ ကင်းလွတ်ခွင့်မရရှိဘဲ ပုဂ္ဂလိကသတင်းစာများနည်းတူ ပေးဆောင်နေရသည် ဖြစ်ပါကြောင်း။

နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံတော်၏ ဘဏ္ဍာငွေကို အသုံးပြု၍ လည်ပတ်ရသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့်အတွက် အရှုံးဖြင့်ရပ်တည်၍မရနိုင်ပါကြောင်း၊ စီးပွားရေးအားဖြင့် အရှုံးနှင့်ရင်ဆိုင်ရနိုင်ခြေရှိပါကလည်း အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းစသည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများအနေဖြင့် အရှုံးမရှိစေရ ကန့်သတ်ချက်အပြင် အမြတ်အစွန်းများစွာ ရရှိရေးကိုလည်း ဦးတည်၍မရဘဲ ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် သတင်းစာဝယ်ယူ ဖတ်ရှုခွင့်ရရှိရေးအတွက် ဦးတည်ကာ သတင်းစာတန်ဖိုးကို ကြော်ငြာဝင်ငွေဖြင့် ခုနှိမ်ပြီး သတင်းစာ အမှန်တကယ်ကျသင့်တန်ဖိုးထက် လျှော့ချပြီး ရောင်းချနေရခြင်းဖြစ်ပါကြောင်း၊

**စာမျက်နှာ ၁၀ သို့ »»**

# ပြည်သူအားလုံး ကျန်းမာဖို့ စဉ်ဆက်မပြတ် ကြိုးပမ်းစို့

ဒေါက်တာ ဒေါ်မြသန်း

နှစ်စဉ်နှစ်တိုင်း ဧပြီလ ၇ ရက်နေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် WHO က သတ်မှတ်၍ အထိမ်းအမှတ်အဖြစ် အခမ်းအနားများ ကျင်းပကြပါသည်။ ယခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ကမ္ဘာတစ်ဝန်းရှိ လူသားအားလုံးအတွက် "ပြည်သူအားလုံး ကျန်းမာဖို့ စဉ်ဆက်မပြတ် ကြိုးပမ်းစို့ - (Health for All making Health Coverage Universal)" ဆောင်ပုဒ်ဖြင့် ကမ္ဘာတစ်ဝန်း ကျင်းပကြမည်ဖြစ်ပါသည်။

လူသားတိုင်း မဖြေရှင်းနိုင်သော ပြဿနာမှာ အို၊ နာ၊ သေ ဆိုသော သဘာဝတရားဖြစ်ပါသည်။ လူ့ဘဝအစ ကလလရည်ကြည် ပဋိသန္ဓေ စတည်ချိန်မှအစ ကျန်းမာရေးစောင့်ရှောက်မှုကို မိခင်၊ ဖခင်များက တာဝန်ယူစောင့်ရှောက်ရန် တာဝန်ဖြစ်လာသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် သန္ဓေသားကျန်းမာရေး၊ အန္တရာယ်ကင်းစွာ၊ ကျန်းမာစွာ မွေးဖွားရေး၊ မိခင်နှင့် ကလေးများ လုံခြုံစိတ်ချဘဝရရှိရေး မွေးကင်းစ ပြုစုခြင်း၊ နို့ချိုစနစ်တကျ တိုက်ကျွေးရေး၊ အာဟာရဖွံ့ဖြိုးရေး၊ ကူးစက်ရောဂါ ကာကွယ်ရေး၊ ကာကွယ်ဆေးထိုးနိုင်အောင် ဆောင်ရွက်ရေး၊ အာဟာရ ဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျကျွေးမွေးခြင်း၊ ကျောင်းနေစဉ် ကလေးများအတွက် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ အာဟာရဖွံ့ဖြိုးဉာဏ်ရည်တိုးရေး၊ အားကစားလှုပ်ရှားမှု၊ သွားကျန်းမာရေး စသည်များကို ငယ်စဉ်က အစဉ်တစိုက် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မျိုးဆက်ပွားကျန်းမာရေး ကောင်းမွန်ရေးကိုလည်း မိခင်၊ ဖခင်နှင့် လူငယ်များ လိုက်နာဆောင်ရွက်ဖို့လည်း လိုအပ်ပါသည်။ အသက်ကြီး၍ အိုမင်းလာသောအခါ သက်ကြီးရွယ်အို ကျန်းမာရေး၊ လူမှုရေး၊ စိတ်ခါတ်ရေးရာများ မြင့်မားစေရန် လူငယ်၊ လူရွယ်၊ သားသမီးများက တစ်ဖန်ပြန်လည်စောင့်ရှောက်ရပေမည်။ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးတိုင်းတာသော ပေတံမှာ သက်တမ်းစေ့နေနိုင်ပြီး မိခင်သေနှုန်း၊ ကလေးသေနှုန်း၊ ငါးနှစ်အောက် ကလေးသေနှုန်း၊ တိုင်းပြည်စီးပွားရေး၊ ပညာရေးတိုးတက်မှုများနှင့် တိုင်းတာခြင်းဖြစ်၍ သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာခြင်းသည် လူသားတိုင်းအတွက် အရေးအကြီးဆုံး ဆုလာဘ်တစ်ပါးဖြစ်ပါသည်။ အထက်ပါ ပဋိသန္ဓေအစမှစပြီး သေခြင်းမတိုင်မီကာလ ကိုယ့်ကျန်းမာရေးကို ကိုယ်စောင့်ရှောက်ထိန်းသိမ်းရမည်ဖြစ်ပါသည်။ "အတ္တာဟိ အတ္တနော နာထော" မိမိကိုယ်သာ ကိုးကွယ်ရာ ဆိုသကဲ့သို့ မိမိကျန်းမာရေးကို တစ်နေ့တစ်ရက်တည်း လိုက်နာဆောင်ရွက်ရမှာမဟုတ်ဘဲ နေ့စဉ် အစဉ်အမြဲ သတိကပ်လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိဘဝကို မိမိသာ ဖန်တီးရှင်ဖြစ်ရာ မိသားစုအားလုံး ပူးပေါင်းဆောင်ရွက်လျှင် သာယာသော၊ ကျန်းမာပျော်ရွှင်သော သီရိဂေဟာမိသားစုဖြစ်ပေမည်။

ထိုမှတစ်ဆင့် လက်ဆင့်ကမ်းကာ မိမိပတ်ဝန်းကျင်လူသားများကို အသိပညာ တစ်ဆင့်ပေးလျှင် အဆင့်ဆင့်တက်၍ ပြည်ထောင်စုသားတို့ ညီအောင်ပြုပါလျှင် တစ်ပြည်လုံး ကျန်းမာမည်ဖြစ်ပါသည်။

ပြည်သူများ ကျန်းမာရေးသုခရရှိရန် အောက်ပါအချက်များကို ပြည်သူများကိုယ်တိုင် အလေးထားလိုက်နာ ကျင့်သုံးရပေမည်-

(က) Knowledge ကျန်းမာရေးအသိပညာ ဗဟုသုတရှိရပေမည်။ ကျန်းမာရေးဝန်ထမ်း၊ အသိပညာပေးဟောပြောခြင်း၊ TV၊ စာစောင်၊ သတင်းစာ၊ Radio၊ ရုပ်ရှင်၊ ပိုစတာ၊ လက်ကမ်းစာစောင်များကို ဖတ်ရှုလေ့လာခြင်း၊ ဟောပြောပွဲများ တက်ရောက်နားထောင်ခြင်းဖြင့် အသိပညာရမည်။ ပြဿနာတစ်ခုအစသည် 'အဝိဇ္ဇာ' မသိခြင်းကြောင့်ဖြစ်ရာ အသိရှိအောင် လုပ်ရပါမည်။

(ခ) ဟောပြောကာ နားထောင်ရုံမပြုဘဲ Right Attitude၊ Right thinking ခံယူချက် ပြန်လည်တွေးတော ဆင်ခြင်ရမည်။

(ဂ) practice make perfect ဆိုသည့်အတိုင်း လက်တွေ့လိုက်နာကျင့်ကြံလုပ်ဆောင်ခြင်းဖြင့် ကောင်းသော အပြုအမူအကျင့်တွေ ပါရမီပါမည်ဖြစ်ပါသည်။ နေ့စဉ် လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်ရမည်။ ပြည်သူများ လိုက်နာရမည့်စည်းကမ်း၊ ပြည်သူ့နီတိ၊ ဆောင်ရန်၊ ရှောင်ရန်များကို နေ့စဉ် ပုံမှန် စဉ်ဆက်မပြတ် ဆောင်ရွက်မှသာ အားလုံးကျန်းမာချမ်းသာပါမည်။

အားလုံးသော ပြည်သူသန်းခြောက်ဆယ်နီးပါးကို စောင့်ရှောက်မှုပေးရန် ကျန်းမာရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်း ဆရာဝန်၊ ဆရာမ၊ သူနာပြုဝန်ထမ်းအသီးသီး၏ တာဝန်ဖြစ်သကဲ့သို့ နှီးနွှယ်နေသော ဝန်ကြီးဌာနများတွင်လည်း တာဝန်ရှိပါသည်။ ဌာနဆိုင်ရာအသီးသီးကလည်း ပြည်သူနှင့် တစ်သားတည်း လက်တွဲပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးပညာပေးမှုတွင် အားနည်းနေပါသည်။ ဝန်ထမ်းနှင့် ပြည်သူ အချိုးအဆ ကွာဟချက်များနေ၍ အားလုံး ဆရာဝန်၊ ဆရာမ၊ အငြိမ်းစားဝန်ထမ်း၊ NGOs၊ INGOs၊ လူမှုရေးအဖွဲ့အစည်းများ ပါဝင်ပူးပေါင်း ထောက်ပံ့ကူညီပေးရမည်ဖြစ်ပါသည်။

အောက်ခြေ grass root level ကို ကျန်းမာရေးအသိပညာ ထိရောက်စွာ ပေးခြင်း၊ ကျောင်းကျန်းမာရေးအသိပညာပေးခြင်းကို မူလတန်းမှစ၍ အထက်တန်းအထိကို ပညာပေးရမည်ဖြစ်ပါသည်။

ဝန်ကြီးဌာနအားလုံးကလည်း ပါဝင် ပူးပေါင်းဆောင်ရွက်ပေးရပါမည်။

၁။ ကူးစက်တတ်သောရောဂါများ ကာကွယ်ခြင်း၊
၂။ မကူးစက်တတ်သောရောဂါများ ကာကွယ်ခြင်း၊
၃။ ကျောင်းကျန်းမာရေး အစဉ် ဆောင်ရွက်ပေးရမည်၊
၄။ အာဟာရပြည့်စုံရမည်။ အစားအသောက်၊ ဆေးဝါးများ စံချိန်မီအောင် ပြုရမည်၊
၅။ ပတ်ဝန်းကျင်ကျန်းမာရေး၊ ကျန်းမာအောင် ဆောင်ရွက်ခြင်း၊ လူဦးရေထိန်းချုပ်မှု၊
၆။ ဘေးကင်းသောရေ၊ အစားအစာ၊ တစ်ကိုယ်ရေကျန်းမာရေး၊
၇။ သန့်ရှင်းသော ပတ်ဝန်းကျင်၊ သန့်ရှင်းသောလေ ဖြစ်ရပါမည်။

ကမ္ဘာတွင် ကင်ဆာရောဂါနှင့် ကူးစက်ရောဂါ၊ ဆေးယဉ်ပါး ပိုးမွှားများ ပြဿနာများလာ၍ မြန်မာနိုင်ငံသည် ကင်ဆာရောဂါ ဒုတိယနေရာ ယူထားပါသည်။ ကမ္ဘာ့လေထုညစ်ညမ်းမှုကြောင့် ကင်ဆာရောဂါ ပိုဖြစ်သည်ဟု ထုတ်ပြန်ထားပါသည်။ ထို့ကြောင့် လေထု၊ ရေထု၊ မြေထု သန့်ရှင်းရန် လိုပါသည်။ ကမ္ဘာကြီးပူနွေးလာသည့်အတွက် ကပ်ရောဂါများ၊ ရောဂါဆန်းများ ပိုမိုတိုးပွားလာသဖြင့် Man made disaster လူတို့၏ အကျင့်ဆိုး၊ စရိုက်ဆိုး၊ အမူအကျင့်ဆိုးများ ပြင်ဆင်သင့်ပါသည်။ စင်ကာပူကဲ့သို့ အမှိုက်ပစ်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဒဏ်ငွေ ၅၀၀ စင်ကာပူဒေါ်လာပေးရခြင်း၊ ကြိမ်ဒဏ်တပ်ခြင်းသည် ဥပမာရှိသလို ပညာပေးကာလ ကျော်လာပြီးဖြစ်၍ ဥပဒေနှင့် ဆောင်ရွက်သင့်ပါသည်။

၈။ ထိရောက်သော ကုသမှုပေးခြင်းဖြင့် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကျဆင်းနိုင်ပါသည်။ ဆေးရုံကြီးများကို ဝန်ကြီးဌာနမှ အဆင့်မြှင့်၍ ဆေးဝါး၊ စက်ပစ္စည်းများ၊ နည်းပညာများ မြှင့်တင်ပေးထား၍ ရယူသုံးစွဲနိုင်သော အခြေအနေဖြစ်နေပါပြီ။ ပညာရှင်များကိုလည်း နိုင်ငံခြားပညာသင် စေလွှတ်ခြင်း၊ ပြည်ပ ပညာရှင်များနှင့် ပညာနှီးနှောဟောပြော ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အရည်အချင်းပြည့်ဝန်ထမ်းများ မွေးထုတ်ပေးခြင်းဖြင့် ကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်၍ INGOs, NGOs များ ပြည်ပ၏ ကူညီပံ့ပိုးမှုများကြောင့်လည်း ရောဂါကူးစက်မှု၊ ဖြစ်ပွားမှုများကျဆင်း၍ ကာကွယ်ဆေးများကြောင့်လည်း ယနေ့ အောင်မြင်မှုရရှိနေပါသည်။ စံပြကျန်းမာရေးအချက်အလက်များ လက်စွဲစာအုပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဝန်ထမ်းများအား အခမဲ့ဖြန့်ဖြူး၍ ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ပေးလျက်ရှိပါသည်။

၉။ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများ ပြန်လည်ထူထောင်နိုင်အောင် စောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးစီမံချက်များဖြစ်သော T.B, HIV AIDS၊ မူးယစ်ဆေးဝါး အလွဲသုံးမှုကုသရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ ကင်ဆာကာကွယ်ရေး၊ မျိုးဆက်ပွားကျန်းမာရေး၊ အသည်းရောင် အသားဝါ(ဘီ၊ စီ) ကာကွယ်ရေး၊ ဆီးချို သွေးချို၊ နှလုံးရောဂါကာကွယ်ရေး စသည်တို့ကိုလည်း ဆောင်ရွက်နေပါသည်။ အဓိကပြည်သူများကသာ ဖြစ်ပါသည်။

အခြားတာဝန်ယူ ပူးပေါင်းဆောင်ရွက်ရမည့် ဝန်ကြီးဌာနများမှာလည်း မိမိတို့ တာဝန်ကျေပွန်ရပေမည်။

စည်ပင်သာယာရေးအဖွဲ့မှလည်း ပတ်ဝန်းကျင် ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး၊ စနစ်တကျ အမှိုက်၊ အညစ်အကြေး၊ မိလ္လာကိစ္စ၊ ရေကြီးရေမြုပ်၊ ပိတ်ဆို့ခြင်း၊ စနစ်တကျ အမှိုက်သိမ်းစနစ်၊ လူနေရပ်ကွက်အတွင်း လူများ အသက်အန္တရာယ်၊ ဘေးရောဂါ၊ ကပ်ရောဂါ၊ ကူးစက်ရောဂါ၊ ကင်ဆာအဆိပ်များဖြစ်စေသော စက်ရုံကြီးများ လူသားများ၊ ကျန်းမာရေး၊ လူမှုရေးအနှောင့်အယှက်ဖြစ်သော လုပ်ငန်းရှင်များအား ပါမစ်ခွင့်ပြုထားခြင်း၊ ပြည်သူ့ကျန်းမာရေးဥပဒေနှင့်မညီခြင်း၊ ဥပမာ-ဘက်ထရီအိုးများ ဆေးကြောခြင်း၊ ကြိတ်ခွဲခြင်း၊ ပလတ်စတစ်များ နေလှန်းခြင်း၊ ကျိုချက်၍ လွန်စေ့ထုတ်ခြင်း၊ ဆေးဆိုးခြင်း ခဲ အဆိပ်ငွေ့များကြောင့် ရင်သားကင်ဆာ၊ မျိုးဆက်ပွားကင်ဆာနှင့် မျိုးရိုးဗီဇပြောင်းလဲခြင်း၊ ဆီးချိုရောဂါအဆင့်-၂၊ အသည်းကင်ဆာ၊ သွေးကင်ဆာများ အဖြစ်များလာပါသည်။ အရောင်ဆိုးဆေးများကြောင့် အရေပြားကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ ဓာတ်မတည့်ရောဂါ၊ ဓာတ်ဆီ၊ ဒီဇယ်၊ အင်ဂျင်ဝိုင်များသည် ဟိုက်ဒရိုကာဗွန်ဖြစ်၍ ကင်ဆာဖြစ်စေပါသည်။ ရပ်ကွက်တွင်း အရှေ့၊ အနောက် ရေစီးလမ်းမရှိအောင် မြောင်းပိတ်စက်ရုံကြီးများ ၂၄ နာရီ ဥပဒေမဲ့နှောင့်ယှက်ဆူညံခြင်း၊ စွန့်ပစ်အညစ်အကြေးများကြောင့် လေထုတွင် အမိုးနီးယား၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ မီသိန်း၊ အီသိန်း၊ ဂတ်စ် အနံ့များဖြစ်စေပြီး ကျန်းမာရေးချို့တဲ့ရုံမက မီးဘေးအန္တရာယ်၊ အရွယ်မရောက်ကလေးများ မတရားစေခိုင်းခြင်း၊ ဖူလုံရေး၊ အမြတ်ခွန်၊ လုပ်သားရပိုင်ခွင့်များကို ဥပဒေလက်တစ်လုံးခြားလုပ်နေခြင်းကို တွေ့ရပါသည်။ လူနေရပ်ကွက်သည် လေထု၊ ရေထု၊ မြေထု သန့်ရှင်းသပ်ရပ်ရန်လိုပါသည်။

လျှပ်စစ်ဌာနမှလည်း ရပ်ကွက်တွင်း power ၃၀၊ ၅၀ ကောင်ရေများ ချပေးနေရာ သစ်စက်၊ ပလတ်စတစ်စက်ရုံကြီးများ၊ ကျန်းမာရေး၊ လူမှုရေး၊ မီးဘေးအန္တရာယ် စသည့် သဘာဝဘေးများ တွေ့နိုင်ပါသည်။

မူလတန်းကျောင်း၊ အထက်တန်းကျောင်း၊ ပတ်ဝန်းကျင်တွင် စက်ရုံ၊ အလုပ်ရုံများ၊ ကွမ်းယာဆိုင်များ၊ အရက်ဆိုင်၊ ဂိမ်းဆိုင်များကြောင့် ကလေးများ ကျန်းမာရေး ထိခိုက်စေပါသည်။

FDA မှလည်း ယခုအခါ လူတို့ အန္တရာယ်ဖြစ်သော အစားအသောက်၊ ဆေးဝါးများကို တင်သွင်းရောင်းချခြင်းရှိ၊ မရှိနှင့် အစစ်၊ အတုအန္တရာယ်ရှိ၊ မရှိ ခေတ်မီနည်းစနစ် ဓာတုဓာတ်ခွဲခန်းများဖြင့် စစ်ဆေးအရေးယူဆောင်ရွက်ပေးခြင်းဖြင့် ပါဝင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာနမှ လက်ဦးဆရာ ဆရာမများကိုလည်း ကျန်းမာရေးပညာသင်တန်းပို့ချ၍ ကျောင်းသား ကျောင်းသူများကို တစ်ကိုယ်ရေသန့်ရှင်းရေး လက်ဆေး၊ သွားတိုက်၊ လက်သည်းညှပ်၊ အမှိုက်ပစ်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး တို့ကို မူလတန်းမှ စသင်ပေးခြင်း၊ အာဟာရပညာပေးခြင်းဖြင့် အတော်အတန်အောင်မြင်မှုကို တွေ့ရပါသည်။ ကျောင်းတွင်း မူးယစ်ကင်းစင်ရေး၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး၊ ကွမ်းယာအန္တရာယ်များ ပညာပေးခြင်း၊ ကာကွယ်ဆေးထိုးရာတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျောင်းကျန်းမာရေးကို ဂရုစိုက်ပြီး စဉ်ဆက်မပြတ် လုပ်ဆောင်ပေးခြင်းဖြင့် မိမိတို့တပည့်၊ သားသမီးများ၏ ကျန်းမာရေးကို စေတနာ၊ မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျောင်းနှင့် ဝန်းကျင်တွင် ဆေးလိပ်၊ ကွမ်း၊ အရက်၊ ဂိမ်းဆိုင်များ မူးယစ်ဆေးဝါးများ ကင်းစင်အောင်၊ အဆိပ်ငွေ့လုပ်ငန်းများမရှိအောင် ပညာရေးဌာနမှ ပူးပေါင်းဆောင်ရွက်ပါမည်။

ကျန်းမာရေးဝန်ထမ်းပညာရှင်များသည် လမ်းညွှန်ချက်များနှင့်အညီ ပြည်သူ့ကျန်းမာရေး primary care မှစ၍ ဆေးရုံအထိ မိမိတို့တာဝန်ကျေပွန်စွာ ပညာပေးရမည်၊ ကုသမှုပေးရပါမည်။ ဆေးရုံများသည်လည်း အဆင့်မြှင့်တင်ပေးခြင်း၊ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ခေတ်မီ စက်ကိရိယာ၊ နည်းပညာ၊ ဆေးဝါးများဖြင့် လူနာများကို စနစ်တကျ ကျွမ်းကျင်စွာ စေတနာ၊ မေတ္တာဖြင့် ကုသပေးခြင်း ဆုံးရှုံးမှုနည်းနိုင်သမျှ နည်းအောင် စောင့်ရှောက်မှုပေးရပါမည်။ အားလုံးသော ဝန်ကြီးဌာန အဖွဲ့အစည်းများကို ကျန်းမာရေးအသိပညာပေးခြင်း၊ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုမှသည် မိသားစုတို့မှ ရပ်ကွက်၊ မြို့နယ် ပြည်ထောင်စုသားအားလုံး ကျန်းမာရေးမြှင့်တင်ရာ ရောက်ပေမည်။

သတင်းမီဒီယာမှလည်း ဆောင်းပါးများ၊ ပိုစတာများ၊ ကျန်းမာရေးအသိပညာပေးဝတ္ထု၊ ကဗျာ၊ ကာတွန်းများ၊ တိုးတက်မှုများ ကျန်းမာရေးနှင့် ပတ်သက်သော သတင်းများ ဖြန့်ဝေပေးခြင်းဖြင့်လည်း အကျိုးရှိသလို ရုပ်ရှင်အနုပညာဖြင့်လည်း ပါဝင်ပူးပေါင်းပညာပေးခြင်းဖြင့် ပြည်သူလူထုထံ အသိပညာ ထူးခြားချက်များ၊ သတင်းထူးများ၊ ကမ္ဘာ့ဖြစ်ရပ်များကို သိရှိနိုင်ပါသည်။

ထို့ကြောင့် ပြည်သူများ သက်ရှည်ကျန်းမာလိုပါသလား။

စာများများဖတ်ပါ။ မှတ်ပါ၊ ကျင့်ကြံပါ၊ လိုက်နာဆောင်ရွက်ပါ။ ပညာပေးဟောပြောပွဲများကို တက်ရောက်၍ ပါဝင်ပူးပေါင်းဆောင်ရွက်မေးမြန်းဆွေးနွေးပါ။ မိမိအသိကို တစ်ဆင့် မျိုးဆက်သစ်များ၊ မိသားစုများ၊ ပတ်ဝန်းကျင်ကို ပညာဒါန၊ ဇီဝိတဒါနအနေဖြင့် လက်ဆင့်ကမ်းပညာပေးရေး၊ ဆွေးနွေးပေး၊ ပညာရှင်များထံ ခေါ်ဆောင်၍ သိလိုတာဆွေးနွေးပေးခြင်းတို့ပြုလုပ်ခြင်းသည် မြင့်မြတ်သည့် ပရဟိတ အများအကျိုးဆောင်ရွက်ရာရောက်၍ ကိုယ်လည်းကျန်းမာ သူလည်းကျန်းမာ သုခရရှိစေပါသည်။

ပြည်တွင်း NGOs အဖွဲ့အစည်းများ၊ INGOs အဖွဲ့အစည်းများမှ အသိပညာဖြန့်ဖြူးခြင်း၊ ပစ္စည်းအင်အား၊ ငွေအင်အား၊ ဆေးဝါးစက်ကိရိယာနှင့် နည်းပညာများ ဖြန့်ဖြူးပူးပေါင်းဆောင်ရွက်ခြင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အထောက်အပံ့အကူအညီများ၊ ပံ့ပိုးမှုများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်း ပြည်သူ့ကျန်းမာရေး ပိုမိုမြင့်မားလာမည် ဖြစ်ပါသည်။

ကြိုတင်ကာကွယ်မှုသည် အကောင်းဆုံး ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပြည်သူအားလုံး နေထိုင်မှုပုံစံများ ပြောင်း၊ အမူအကျင့်ဆိုးတွေပျောက်၊ အမူအကျင့်ကောင်းတွေ လက်ကိုင်ထား၊ လိုက်နာကျင့်သုံးခြင်းဖြင့် မိမိတို့ကိုယ်တိုင်ကျင့်မှ ကိုယ်မြင့်မည်ဖြစ်၍ ပြည်သူအားလုံး ကျန်းမာဖို့ စဉ်ဆက်မပြတ် ဝိုင်းဝန်းကြိုးပမ်းကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

# နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဦးဝင်းမြင့်ထံသို့ ကမ္ဘာ့နိုင်ငံအကြီးအကဲများမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား မတ် ၂၈ ရက်တွင် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ကြသည်။**

**အိန္ဒိယသမ္မတနိုင်ငံ**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် မိမိအနေဖြင့် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ်နက်သ် ကိုဗင့်ဒ်က သဝဏ်လွှာပေးပို့သည်။

အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး နယ်ပယ်ကဏ္ဍအသီးသီးတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံများဖြစ်ကြသည်။ လွန်ခဲ့သည်နှစ်များအတွင်း အိန္ဒိယနိုင်ငံက အကောင်အထည်ဖော်ခဲ့သည့် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းလုပ်ရှားမှုများတွင် မြန်မာနိုင်ငံသည် အရေးပါသော မိတ်ဖက်နိုင်ငံလည်းဖြစ်ပါသည်။ မြန်မာနိုင်ငံက နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် သိသာထင်ရှားစွာ အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် အိန္ဒိယနိုင်ငံအနေဖြင့် အဆွေတော်၏ အစိုးရကို ကူညီထောက်ပံ့ပေးရန် အဆင်သင့်ရှိနေပါသည်။ အဆွေတော်အနေဖြင့် သမ္မတတာဝန်များကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ဖော်ပြပါရှိသည်။

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ ပြည်ထောင်စုလွှတ်တော်က အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည့်အတွက် ဗီယက်နမ်အစိုးရ၊ ပြည်သူများနှင့် မိမိက လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းက သဝဏ်လွှာပေးပို့သည်။

အဆွေတော်အား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းသည် နိုင်ငံတော်အတွက် အဆွေတော်၏ ကြိုးစားအားထုတ်မှုနှင့် ဆောင်ရွက်မှုများကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံသည် စွမ်းဆောင်ရည်ကောင်းများဖြင့် လူမှုစီးပွားဖွံ့ဖြိုးမှု၊ ကြွယ်ဝချမ်းသာမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်မှုများ ရရှိလိမ့်မည်ဟု မိမိတို့ယုံကြည်ပါသည်။ မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာအစိုးရနှင့်အတူ အစဉ်အလာမိတ်ဖက်ဆက်ဆံရေး ခိုင်မြဲစေရန်နှင့် အာဆီယံအသိုက်အဝန်းနှင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ အနီးကပ်ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ဖော်ပြထားသည်။

အလားတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုကလည်း နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဦးဝင်းမြင့်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ဘင်္ဂလားဒေ့ရှ် သမ္မတ မစ္စတာ အမ်ဒီ အဗ္ဗဒူလ်ဟာမစ်က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဦးဝင်းမြင့်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် တာဝန်ထမ်းရွက်ရန် မြန်မာပြည်သူတစ်ရပ်လုံးက ရာထူးတာဝန်များ ယုံကြည်စွာ အပ်နှံခဲ့သည့်အတွက် အဆွေတော်နှင့် ထပ်တူထပ်မျှ ဝမ်းမြောက်ပါသည်။

ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့သည် ဒေသတွင်းသာမက နှစ်နိုင်ငံစလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် အခွင့်အလမ်းများ လက်ဝယ်ပိုင်ဆိုင်ထားရှိကြသည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ လိုလားတောင့်တမှုများကိုလည်း ဖြည့်ဆည်းပေးရာရောက်မည်ဖြစ်သည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။

အဆွေတော်အနေဖြင့် မြန်မာနိုင်ငံသားများ လိုလားတောင့်တလျက်ရှိသည့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန် လုပ်ဆောင်နိုင်မည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်းနှင့် မြန်မာနိုင်ငံပြည်သူတစ်ရပ်လုံး ငြိမ်းချမ်းပြီး ကောင်းကျိုးချမ်းသာများ ရရှိနိုင်ပါစေကြောင်း အဆွေတော်မှတစ်ဆင့် ဆုတောင်းမေတ္တာပို့သပါသည်ဟု သဝဏ်လွှာတွင် ရေးသားဖော်ပြသည်။

ထို့အတူ ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် မစ္စစ် ရှိတ်ဟာဆီနာကလည်း နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဦးဝင်းမြင့်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံသမ္မတအဖြစ် အဆွေတော်အား မြန်မာပြည်သူပြည်သားများက ရွေးကောက်တင်မြှောက်ခဲ့သည့်အတွက် လွန်စွာဝမ်းမြောက်ပီတိဖြစ်မိပါကြောင်းနှင့် ယင်းကဲ့သို့ သမ္မတအဖြစ် ရွေးကောက်ခံရခြင်းသည် ယခင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ်က နိုင်ငံနှင့်လူမျိုးအပေါ် ထားရှိသော အဆွေတော်၏ စေတနာရှိမှု၊ အနစ်နာခံမှုတို့ကြောင့်ပင် ဖြစ်ပါကြောင်း၊ အဆွေတော်၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာပြည်သူပြည်သားများသည် ဒီမိုကရေစီ၏ အရသာကို အပြည့်အဝခံစားနိုင်ပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုရရှိနိုင်စေရန် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်းနှင့် မိမိတို့နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း သဝဏ်လွှာတွင် ရေးသားဖော်ပြထားသည်။

**ကြေးမုံ**

# တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၉**

သီးနှံစိုက်ပျိုးရေးထွက်ကုန်များပြီးလျှင် ဒုတိယအရေးပါသော စားရိက္ခာဖြစ်သည့် မွေးမြူရေးထွက်ကုန် အသားကဏ္ဍမှ ဘေးကင်းပြီး အာဟာရပြည့်ဝသော အစားအစာများ လုံလောက်စွာထုတ်လုပ်နိုင်ရေး၊ ပိုလျှံသည်များကိုပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးနှင့် မွေးမြူရေး ကဏ္ဍဖွံ့ဖြိုးမှုနှင့်အတူ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ နံနက် ၉ နာရီက နေပြည်တော် Kempinski Hotel ၌ ကျင်းပသည့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။

အဆိုပါ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)ဌာနေကိုယ်စားလှယ် Ms.Xiaojie Fan ၊ FAO-LIFT Fund စီမံကိန်းမှ Chief Technical Advisor ဖြစ်သူ Dr. Murray Maclean နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဌာနေကိုယ်စားလှယ် Ms.Xiaojie Fan က မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလမှ စတင်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် FAO-LIFT Fund စီမံကိန်းတို့ ပူးပေါင်းကာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်မှ ရပ်ကွက် ၆၁ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၃၉၈ ရွာတို့တွင် တိရစ္ဆာန်ကောင်ရေ စာရင်းရှေ့ပြေးကောက်ယူခြင်းလုပ်ငန်းကို ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာများ၏ ၆၀ ရာခိုင်နှုန်းဖြစ်သည့် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၁၁၃ ရွာတို့တွင် စာရင်းကောက်ယူခဲ့သဖြင့် ရှေ့ပြေးစမ်းသပ် ကောက်ယူခဲ့သည့် မြို့နယ်ပေါင်း ၁၄ မြို့နယ်အတွင်း အိမ်ခြေပေါင်း ၄၆၇၅၁၀ အိမ်မှ ကောင်ရေစာရင်း ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ရှေ့ပြေးဆောင်ရွက်ချက်များမှ ရရှိလာသည့် အတွေ့အကြုံများကို အခြေခံပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး စီမံချက် ရေးဆွဲ၍ ဗဟိုကော်မတီ၏ အကြံပြုချက်နှင့်အတူ အကြိမ်ကြိမ် ပြန်လည်စိစစ်သုံးသပ်ခြင်းဆောင်ရွက်မည်ဖြစ်သည်။ စီမံချက်အရ ခရိုင်/မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းများကိုလည်း ၂၀၁၇ ခုနှစ်အတွင်း နေပြည်တော်တွင် သုံးကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း မြို့နယ်ပေါင်း ၂၈၃ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၁၅၇၆ ရွာနှင့် ၅၀၈ ရပ်ကွက်မှ အိမ်ခြေပေါင်း ၁၅ သိန်းခန့်ကို စာရင်းကောက်ယူ ပြီးစီးခဲ့သည်။

ကောက်ယူရရှိလာသော စာရင်းများကို မြို့နယ်အဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများက Comm Care App စနစ်ကိုအသုံးပြုပြီး စာရင်းရေးသွင်းလျက်ရှိရာ ယနေ့အထိ အိမ်ထောင်စုပေါင်း ၁၃ သိန်းခန့်၏ စာရင်းများကို ရေးသွင်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အပူဒဏ်အန္တရာယ် သတိပြုဖွယ်**

ကလေးသူငယ်များ၊ သက်ကြီးဘိုးဘွားများ၊ နာတာရှည်ရောဂါခံစားနေရသူများ

နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

# နွေရာသီရေရှားပါးသည့် မည်သည့်ကျေးရွာမဆို ဆက်သွယ်အကူအညီတောင်းခံနိုင်

**နေပြည်တော် မတ် ၂၉**

ယခုနှစ် နွေရာသီတွင် ကျေးရွာများ၌ သောက်သုံးရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးနှင့် ရေရှားပါးပြတ်လပ်သည့် ကျေးရွာများသို့ သောက်သုံးရေများ အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးရွာများတွင် သောက်သုံးရေလုံလောက်မှု ရှိ မရှိနှင့် ရေပြတ်လပ်မှုဖြစ်နိုင်ခြေများအား ကွင်းဆင်း၍ ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာရေကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၏အမည်နှင့် ဖုန်းနံပါတ်များကို စုစည်းပြုစုထားရှိခြင်း၊ သောက်သုံးရေအခက်အခဲဖြစ်ပေါ်ပါက အစုအဖွဲ့စနစ်ဖြင့် ကျေးရွာများသို့ သောက်သုံးရေအလျင်အမြန် ပံ့ပိုးဖြည့်ဆည်းပေးမည့် အစီအစဉ်များကို မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကြိုတင်ညှိနှိုင်းခြင်းများ စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ရေရှားပါးပြတ်လပ်သည့်ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေးမှုများ ဆောင်ရွက်ပေးမည့်အပြင် ရေရှားပါးမှုများထပ်မံမဖြစ်ပေါ်စေရေးအတွက် ရေရှည်ရေရယူသုံးစွဲနိုင်မည့် နည်းလမ်းများကို အသုံးပြု၍ ကျေးရွာရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ စေတနာရှင်ပြည်သူများ၊ အလှူရှင်များအနေဖြင့်လည်း ပူးပေါင်းပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ရေရှားပါးမှုဖြစ်နိုင်ခြေ ကျေးရွာများစာရင်းနှင့် သတင်းအချက်အလက်များ ရယူလိုပါက ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်သည့် မည်သည့်ကျေးရွာမဆို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)အပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်(နေပြည်တော်ကောင်စီ နယ်မြေအပါအဝင်)၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနရုံးများသို့ ဖုန်းဆက်သွယ်မှုအပြင် အခြားသော ဆက်သွယ်ရေး နည်းလမ်းမျိုးစုံဖြင့် အချိန်အခါမရွေး ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်းနှင့် အကူအညီတောင်းခံလာပါက ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသမှ နေရပ်စွန့်ခွာသူများအား မြန်မာ-ဘင်္ဂလား ဒေ့ရှ်နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ လက်ခံနိုင်ရေး ဆောင်ရွက်နေမှု၊ ကုလသမဂ္ဂနိုင်ငံတကာ မျက်နှာစာတွင် တရုတ်နိုင်ငံက မှန်မှန်ကန်ကန် ပြတ်ပြတ်သားသား ရပ်တည်ပေးမှု အခြေအနေ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ ပေးအပ်သောအကူအညီများအပေါ် ရခိုင်တိုင်းရင်းသားဒေသခံများက ယုံကြည်လက်ခံနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်သည့် အခြေအနေ၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများ ထပ်မံတိုက်ခိုက်မှုမဖြစ်ပွားစေရေးအတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် တပ်မတော် နှစ်ရပ်အကြား၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့များအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၉**

၂၀၁၈ ခုနှစ် မတ် ၂၈ ရက် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ကျင်းပသော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အောင်မြင်စွာဆောင်ရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း သဝဏ်လွှာအား ယနေ့တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးလွင်ဦးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ခေတ္တရပ်နားထားသည့် MNL အမှတ်ပေးပြိုင်ပွဲ ယနေ့ပြန်လည်ကျင်းပမည်

**ရန်ကုန် မတ် ၂၉**

မြန်မာ့လက်ရွေးစင်အသင်း၏ အာရှဖလားခြေစစ်ပွဲကြောင့် ခေတ္တရပ်နားထားသည့် ၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) ကို မတ် ၃၀ ရက် (ယနေ့)တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၉) ကို မတ် ၃၀ ရက်မှ ဧပြီ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မတ် ၃၀ ရက်တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် မကွေးအသင်း၊ မတ် ၃၁ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ရန်ကုန်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ ဧပြီ ၁ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၈)အပြီးတွင် ရန်ကုန်အသင်းက ၁၉ မှတ်၊ မကွေးအသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၅ မှတ်၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ ဟံသာဝတီအသင်းက ၁၂ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ ဇွဲကပင်အသင်းက ၁၀ မှတ်၊ ဧရာဝတီနှင့် Southern အသင်းက ကိုးမှတ်စီ၊ စစ်ကိုင်းယူနိုက်တက်အသင်းက ရှစ်မှတ်၊ GFA အသင်းက လေးမှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

ရန်ကုန်အသင်းသည် ပွဲစဉ် (၈) တွင် မကွေးအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နေသော်လည်း ဒုတိယအသင်းနှင့် အမှတ်ကွာဟမှုမှာ နှစ်မှတ်သာရှိတော့ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် တတိယနေရာမှ ရတနာပုံအသင်းသည် အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း ခြေစွမ်းမာကျောသည့်အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အနိုင်ရရန် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။ ပထမအကျော့ပွဲစဉ်များအနက် ပွဲစဉ် (၉) နှင့် (၁၀) ကို သင်္ကြန်မတိုင်မီ ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၁) ကိုမူ ဧပြီလနောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု မြဝတီစစ်ကြောင်းမှ တပ်ဖွဲ့ဝင်များနှင့် နည်းပြများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် မတ် ၂၉**

(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ခဲ့သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု မြဝတီစစ်ကြောင်းမှ တပ်ဖွဲ့ဝင်များနှင့် နည်းပြများအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ယနေ့ညနေ ၆ နာရီခွဲတွင် အမှတ်(၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နှစ်စဉ်ကျင်းပသည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု အမျိုးသားတပ်ခွဲအနေဖြင့် (၅၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမှ ယခု(၇၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားထိ အကြိမ်၂၀ ပါဝင်ချီတက်ခဲ့ပြီး အမျိုးသမီးတပ်ခွဲအနေဖြင့်လည်း နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမှ (၇၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအထိ လေးကြိမ်ပါဝင် ချီတက်ခဲ့ကြောင်း၊ နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမှ (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအထိ အမျိုးသားစစ်ရေးပြတပ်ခွဲတစ်ခွဲနှင့် အမျိုးသမီးစစ်ရေးပြတပ်ခွဲတစ်ခွဲတို့သာ ပါဝင်ချီတက်ခဲ့ရာမှ ယခု(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြုမြဝတီစစ်ကြောင်းအဖြစ် အလံအဖွဲ့၊ အမျိုးသားတပ်ခွဲသုံးခွဲ၊ အမျိုးသမီးတပ်ခွဲ နှစ်ခွဲနှင့် ရဲတီးဝိုင်းအဖွဲ့အပါအဝင် တပ်ဖွဲ့ဝင်အင်အား ၁၈၁၃ ဦးတို့ ပါဝင်ချီတက်ခဲ့ကြောင်း၊ တပ်မတော်စစ်ကြောင်းများနှင့် လက်တွဲကာ စစ်ရေးပြဆောင်ရွက်ရာတွင် စစ်ရေးပြအဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်နိုင်ခဲ့ပြီး တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်နိုင်ရည်များကိုလည်း ပြသနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ စခန်းဝင်လေ့ကျင့်စဉ် ကာလတစ်လျှောက် စည်းကမ်းကောင်းမွန်မှု၊ စိတ်ဓာတ်





ကောင်းမွန်မှု ပူးပေါင်းဆောင်ရွက်မှုကောင်းစွာဖြင့် ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်ကို အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု မြဝတီစစ်ကြောင်းမှ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်၍ ညစာအတူတကွ သုံးဆောင်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းက ဂုဏ်ပြုဖျော်ဖြေခဲ့ကာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု မြဝတီစစ်ကြောင်းမှ တပ်ဖွဲ့ဝင်များနှင့် နည်းပြများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

**✱ ကျောဖုံးမှ**

မြန်မာလူငယ်ဘောလုံးသမားများအား ဘောလုံးအခြေခံနည်းစနစ်များ သင်ကြားပေးရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ဘာရာဇီးလက်ရွေးစင်ဘောလုံးသမားဟောင်း အက်ဒ်မီဆင်သည် ယမန်နေ့က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် သွားရောက်တွေ့ဆုံခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ဘာရာဇီးလက်ရွေးစင်ဘောလုံးသမားဟောင်း အက်ဒ်မီဆင်နှင့်အဖွဲ့အား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် နည်းစနစ်အကူအညီပေးရန်နှင့် အခြားကိစ္စရပ်များအတွက် ဘာရာဇီးဘောလုံးအဖွဲ့ချုပ်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ဓာတ်ပုံ-စိုးညွန့်**

## KBZ Bank Women' League ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၈) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်း ဂိုးပြတ်နိုင်ပွဲရခဲ့သည်။

မြဝတီအသင်းသည် ဂန္ဓမာအသင်းကို ကိုးဂိုးပြတ်အနိုင်ရခဲ့ပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ မြဝတီအသင်းသည် ဂန္ဓမာအသင်းကို နှစ်ကျော့စလုံးဂိုးပြတ်အနိုင်ရခဲ့ပြီး ယခုပွဲတွင် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ငါးဂိုးအထိ သွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၂၂၊ ၂၆၊ ၃၂၊ ၄၆၊ ၅၅ မိနစ်တွင် ဝင်းသိင်္ဂီထွန်း၊ ၂၅ မိနစ်တွင် ခင်သန်းဝေ၊ ၄၇ မိနစ်တွင် လှယဉ်ဝင်း၊ ၅၂ မိနစ်တွင် ဇင်မာထွန်း၊ ၈၅ မိနစ်တွင် ရှုပါခိုင်တို့က သွင်းယူခဲ့သည်။ ပွဲစဉ်(၈)တတိယနေ့ကို မတ်၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

❖ စာမျက်နှာ ၅ မှ

ဆက်လက် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀၀ စီ အညီအမျှ ခွဲဝေပေးမည့်အစား လိုအပ်သည့် မြို့နယ်၊ မဖွံ့ဖြိုးသည့် မြို့နယ်များတွင် ပိုမိုခွဲဝေပေးနိုင်ရန် ဗဟိုကော်မတီအနေဖြင့် ပြန်လည်သုံးသပ်၍ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

လက်ရှိ ဆောင်ရွက်နေသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများဆောင်ရွက်သည့်အခါ ခွင့်ပြုမိန့်ပါ လုပ်ငန်းများအတိုင်း မြေပြင်တွင် ဆောင်ရွက်ကြရန်နှင့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လက်ရှိအချိန်အထိ လုပ်ငန်းပြီးစီးကြောင်း တင်ပြလာသည့် မြို့နယ် ၁၈ မြို့နယ်အနက် မြို့နယ်တစ်ခုမှ လုပ်ငန်းပြောင်းခွင့်ပြုမိန့် တင်ပြခြင်းမရှိဘဲ မြေပြင်တွင် လုပ်ငန်းပြောင်းလဲဆောင်ရွက်ထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီခြင်းမရှိသည့်အတွက် သက်ဆိုင်ရာ မြို့နယ် လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့အနေဖြင့် အမြန်ဆုံးပြန်လည်တင်ပြပြီး ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၅/၂၀၁၈)** ကို လွှတ်တော်မှ သဘောတူလက်ခံရန် အဆိုကို ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအဖွဲ့ဝင် မကွေးတိုင်းဒေသကြီး ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို မတ် ၃၀ ရက်တွင် ကျင်းပသွားရန်လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

»»» စာမျက်နှာ ၆ မှ

ထူထောင်ဆဲနိုင်ငံများတွင် နိုင်ငံပိုင် သတင်းစာများအနေဖြင့် ပြည်သူနှင့် အစိုးရအကြားတွင် ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ဆောင်ရွက်ပေးရန် အဓိက တာဝန်ရှိသည့်အတွက် ပြည်သူများ စျေးနှုန်းချိုသာစွာဖြင့် သတင်းစာဖတ်ရှုနိုင်ရေးကိုသာ ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ပုဂ္ဂလိက သတင်းမီဒီယာများမှ သတင်းထောက်များ ဌာနဆိုင်ရာသတင်းများရယူမှု ပိုမိုလွယ်ကူမြန်ဆန်စေရန် ၂၀၁၆ ခုနှစ်မှစတင်၍ မဏ္ဍိုင်သုံးရပ်နှင့် သတင်းမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲများကို သတင်းမီဒီယာကောင်စီနှင့် ပူးပေါင်းလျက် မြန်မာနိုင်ငံအနှံ့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဦး၏ လုပ်ငန်းသဘောသဘာဝကို တစ်ဦးသိရှိကာ သတင်းကိစ္စဆက်သွယ်ဆောင်ရွက်မှု ချောမွေ့လွယ်ကူစေရန် များစွာအထောက်အကူပြုလျက် ရှိပါကြောင်း၊ မဏ္ဍိုင်သုံးရပ်တွင် ပြောရေးဆိုခွင့်ရှိသူများကို ရွေးချယ်တာဝန်ပေးထားပြီး ယင်းတို့ကို သတင်းမီဒီယာများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ သတင်းများ ပြုလုပ်ပေးခဲ့ပါကြောင်း။

**ဖျက်သိမ်းပေးခဲ့**

ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ပြင်ပပုဂ္ဂလိက ကြော်ငြာကုမ္ပဏီများနှင့် ပူးပေါင်းပြုလုပ်သည့် ကြော်ငြာစာမျက်နှာများ ရိုက်နှိပ်ပြီး ကြားညှပ်ထည့်သွင်းဖြန့်ချိခြင်းလုပ်ငန်းကို ပြင်ပပုဂ္ဂလိက သတင်းစာ၊ ဂျာနယ်များသို့ ခွဲဝေရောက်ရှိစေနိုင်ရန် ရည်ရွယ်ပြီး ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်မှစ၍ ဖျက်သိမ်းပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အဆင့် တာဝန်ရှိသူများ၏ သတင်းများအပါအဝင် ဌာနဆိုင်ရာ သတင်းများ၊ ဓာတ်ပုံများကို ပြင်ပပုဂ္ဂလိက မီဒီယာများအနေဖြင့် နိုင်ငံပိုင်သတင်းစာများနှင့်အတူ တစ်ပြေးညီ ရရှိစေရန် Website များ၌ တင်ပေးထားပြီး သတင်းရရှိမှုအပိုင်းတွင် မြန်ဆန်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**လမ်းဖွင့်ပေး**

နေပြည်တော်၌ကျင်းပသော အခမ်းအနားကြီးများနှင့် နိုင်ငံတကာမှ စိတ်ဝင်စားမှုရှိသည့် ရခိုင်ပြည်နယ် မောင်တောဒေသခရီးစဉ်များတွင် နိုင်ငံခြား သတင်းမီဒီယာများနှင့်အတူ ပြည်တွင်း ပုဂ္ဂလိကမီဒီယာများအားလုံး တစ်ပြေးညီ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်သတင်းယူနိုင်စေရန် အတွက် နေရာထိုင်ခင်းနှင့် သွားလာရေးအခက်အခဲကြောင့် လူဦးရေ ကန့်သတ်ရသည့်အခါများမှလွဲ၍ အလှည့်ကျ သတင်းရယူနိုင်ရန် စီစဉ်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကသတင်းစာများ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်များရရှိစေရန် ဆောင်ရွက်ပေးသည့်နေရာတွင် လိုအပ်ချက်များစွာ ရှိနေသေးသည်ကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြုပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများကို အစိုးရ၏ ဆောင်ရွက်ချက်များအား ပြည်သူများသိရှိစေရန်၊ ပြည်သူများ၏ လိုအပ်ချက်များကို နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ သိရှိစေရန်၊ ပြင်ပ မီဒီယာက စိတ်ဝင်စားမှုနည်းပါးသည့် လူနည်းစုတိုင်းရင်းသားများအကြောင်းနှင့် အခြားပြည်သူလူထု သိသင့်သိထိုက်သည်များကို သိရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့်သာ ထုတ်ဝေဖြန့်ချိနေပြီး ပြင်ပပုဂ္ဂလိက သတင်းစာများနှင့် ပြိုင်ဆိုင်မှုမပြုဘဲ သီးခြားပုံစံတစ်မျိုးဖြင့် ရပ်တည်ကာ ပုဂ္ဂလိကသတင်းစာများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် လမ်းဖွင့်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အင်ပူမဲဆန္ဒနယ်မှ ဦးအေးဝင်းနှင့် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းဖြေကြားသည်။

**အမည်စာရင်း**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောက်လုပ်ရေးဝန်ကြီးဌာနမှပေးပို့သော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများနှင့် စပ်လျဉ်း၍ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၏ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို လက်ခံရရှိကြောင်း ကြေညာပြီး အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

**ဥပဒေကြမ်း**

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုသည်။

**အတည်ပြုခြင်း**

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များအနေဖြင့် ကြယ်ပွင့်ပြမေးခွန်း(၁၉၁)ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း (၆၂၈)ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အဆို(၉)ခုတင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို(၂)ခုနှင့် မှတ်တမ်းတင်အဆို (၇)ခုတို့ဖြစ်ကြပါကြောင်း၊ ဥပဒေကြမ်းများအနေဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း(၃၅)ခုရှိပြီး၊ ဥပဒေကြမ်း (၁၄)ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း(၂၁)ခု ကျန်ရှိပါကြောင်း၊ ထို့ပြင် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသည့် ကော်မတီ (၁၄)ခု၏ သက်တမ်း တိုးမြှင့်ခြင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အတည်ပြုခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ကြိုးပမ်းတည်ဆောက်**

ကိုယ်စားလှယ်များက မိမိကိုယ်ကိုကောင်းအောင် ကြိုးစားရင်း မိမိပတ်ဝန်းကျင်နှင့် ပြည်သူလူထု၏ စံနမူနာပြ ကျင့်ကြံဆောင်ရွက်နိုင်မှသာ မိမိတို့မျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ကြမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရန်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အဓိကအရေးကြီးဆုံး ဆောင်ရွက်ကြရမည့် တာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရိုင်းပင်းသည့် စိတ်ဓာတ်ရှိမှသာ ပြည်ထောင်စုဆိုသည့် အဓိပ္ပာယ်သည် ပိုပြီး ပြည့်စုံလာခြင်းဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာသည့် နိုင်ငံရေးနည်းလမ်းများကို လက်ကိုင်ထားပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဖော်ဆောင်နေသည့် ကာလဖြစ်ပါကြောင်း၊ တစ်ပြိုင်တည်းတွင် မိမိတို့နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍပေါင်းစုံမှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်နေသည့် ကာလလည်း ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်သည့်အခါတွင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍသည်လည်း ဥပဒေပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြုပြီး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များ၏ အတွေးအခေါ်၊ အယူအဆ၊ အမူအကျင့်များသည်လည်း ခေတ်နှင့်လိုက်လျောညီထွေသည့် အတွေးအခေါ်မျိုးထားရှိရမည်ဖြစ်ပါကြောင်း၊ အပြောင်းအလဲတိုင်းသည် အချိန်ကာလတစ်ခု လိုအပ်စမြဲဖြစ်သည့်အတွက် မိမိတို့အားလုံးသည် သံသယကင်းသည့် အကြွင်းမဲ့ယုံကြည်မှု၊ ခိုင်မာသည့် စည်းလုံးမှု၊ ပြတ်သားသည့် သန္နိဋ္ဌာန်စိတ်တို့နှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

**စောင့်ကြည့်ထိန်းညှိ**

လွှတ်တော်၏ အဓိကလုပ်ငန်း တာဝန် ၃ ရပ်ဖြစ်သည့် ဥပဒေပြုခြင်း (Legislation)၊ စောင့်ကြည့်ထိန်းညှိခြင်း (Oversight)နှင့် ကိုယ်စားပြုခြင်း (Representation) တာဝန် ၃ ရပ်ကို ပီပြင်စွာ ထမ်းဆောင်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်အောင် စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်ကြပါ။ ပထမတာဝန်ဖြစ်သည့် ဥပဒေပြုခြင်း လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တည်ဆောက်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးနိုင်သည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရန်အတွက် ဆောင်ရွက်ကြပါ။ ဒုတိယတာဝန်ဖြစ်သည့် စောင့်ကြည့်ထိန်းညှိခြင်းလုပ်ငန်း တာဝန်အတွက် ဒေသနယ်ပယ်အလိုက် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများ တည့်မတ်မှန်ကန်အောင် (Parliamentary Oversight) အဖြစ် စောင့်ကြည့်ထိန်းညှိပေးကြပါ။

တတိယတာဝန်ဖြစ်သည့် ကိုယ်စားပြုခြင်းလုပ်ငန်း တာဝန်အတွက် မဲဆန္ဒရှင် ပြည်သူလူထုထံ ပြန်လည်ရောက်ရှိသည့်အခါ ပြည်သူ့အသံနှင့် ပြည်သူတို့၏ တင်ပြချက်များကို အလေးထား မှတ်သားနားထောင်ကြပါ။ ပြည်သူကိုကိုယ်စားပြုပြီး ပြည်သူ့အသံ၊ လွှတ်တော်အသံဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ကြပါ။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများတွင် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပါ။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် ပြည်သူအားလုံး ပူးပေါင်းပါဝင်သည့် (All Inclusive Democracy) ဖော်ဆောင်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးပြီးစီးကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့)ကျင်းပ

**တောင်ကြီး မတ် ၂၉**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့)ကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ သစ်တောရပ်ကွက် အိမ်တော်လမ်းရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့)တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးက ကြယ်ပွင့်ပြမေးခွန်း ၁၅ ခု မေးမြန်းခြင်း၊ အဆိုနှစ်ခုတင်သွင်းခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြသည့်မေးခွန်းများကို သက်ဆိုင်ရာအစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်က “လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့က အလေးထားပြီးဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပသည့်အကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်” အဆိုကို မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တိုင်ကြားစာများစိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးအားကို၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တရားဥပဒေစိုးမိုးရေးကော်မတီ(ကိုယ်စား)ဦးစိုင်းလုံ၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တောင်သူလယ်သမား၊ အလုပ်သမားရေးရာကော်မတီ ဦးသန်းထိုက်တို့က ထောက်ခံဆွေးနွေးပြီး အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ဆွေးနွေးရှင်းလင်း၍ ၎င်းအဆိုအား လွှတ်တော်တွင် အတည်ပြုပေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုကို အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်က ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုမျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်တို့က ထောက်ခံဆွေးနွေးပြီး အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ဆွေးနွေးရှင်းလင်းကာ အဆိုကို လွှတ်တော်တွင်အတည်ပြုပေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုကိုအတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်းက လွှတ်တော်သို့ဖတ်ကြားတင်ပြပြီး အစီရင်ခံစာကို ပြည်နယ်လွှတ်တော်ကမှတ်တမ်းတင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၉**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ၏ ၃/၂၀၁၈ ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက အကြံပြုချက်များအနက် ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်သောအချက်များ ပါဝင်သကဲ့သို့ ချက်ချင်းလက်ငင်း ဆောင်ရွက်နိုင်ခြင်း မရှိသေးဘဲ အချိန်ယူဆောင်ရွက်ရမည့် အချက်များလည်း ရှိနေပါကြောင်း၊ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်ခက်ခဲသော အချက်များလည်း ရှိနေပါကြောင်း၊ လက်ရှိတွင် ပြန်လည်လက်ခံရေး လုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး ကိစ္စများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကော်မတီတစ်ခုနှင့်တစ်ခု ဆက်စပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်လက်ခံရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အသစ်ဖွဲ့စည်းထားသော ကော်မတီသို့ တင်ပြရန်ဖြစ်ပြီး အဆိုပါကော်မတီမှ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ UEHRD ထံမှ လိုအပ်သော အကူအညီများ ရယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် မောင်တောခရိုင်မီးလောင်မြေ ရှင်းလင်းရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီနှင့် ဆက်စပ်ကော်မတီများကို ကြီးကြပ်လမ်းညွှန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးကြပါရန်နှင့် ဆောင်ရွက်ရန် ကျန်ရှိနေသည့်အချက်များကို တစ်ချက်ချင်းအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကာ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပြီး တိုးတက်အောင် ဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေးကိစ္စကို ပူးတွဲစဉ်းစားရန်လိုအပ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ဟန်ချက်ညီစွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ IDP စခန်းများ ပိတ်သိမ်းရေးနှင့် ပတ်သက်၍ ကျောက်တော် IDP စခန်းကဲ့သို့ အမြန်ဆုံးပိတ်သိမ်းရေးဆောင်ရွက်နိုင်မည့်စခန်းများကို ဦးစားပေး ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ သတင်းရယူခွင့်နှင့်ပတ်သက်၍ လိုအပ်သည်များကို တိုးမြှင့်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ နှစ်ဖက်အဖွဲ့အစည်းများ တိုးမြှင့်တွေ့ဆုံနိုင်ရေး ဆောင်ရွက်သကဲ့သို့ ဆွေးနွေးမှုမှ ရရှိလာသည့်အကြောင်းအရာများ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဖြစ်စဉ်ကြောင့် ပုဒ်မ-၁၄၄ ထုတ်ပြန်ထားသော နေရာများအနက် ရသေ့တောင်ကို ဦးစွာရုပ်သိမ်းခဲ့ပါကြောင်း၊ ဆက်လက်ပြီး ကျန်ဒေသများကိုလည်း ရုပ်သိမ်းသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တက်ရောက်လာကြသည့်ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးတင်ပြကြပြီး လိုအပ်သည်များကို ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၁၈ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့၌ အဋ္ဌမနေ့အဖြစ်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ပါဠိပထမပြန် စာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ ဒုတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယ အဋ္ဌမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင်စုစုပေါင်း စာရင်းသွင်း ၂၉၈ ပါးအနက် ၁၇၇ ပါး ဖြေဆိုကြသဖြင့် ၅၉ ဒသမ ၄၀ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန် စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလ) ဒုတိယနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင်စုစုပေါင်း ၅၇၄၉၇ ပါး အနက် ၄၇၅၁၁ ပါးဖြေဆိုကြပြီး ၈၂ ဒသမ ၆၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီးကျင်းပသော တိုင်းဒေသကြီးအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၃၁ ရက်မှ ဧပြီ ၁ ရက်အထိ ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီးအတွင်း ထူးချွန်ဂေါက်သီးအားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် ဂေါက်သီးရိုက်အသင်းများနှင့် Golf Club များ၊ မန္တလေးမြို့ပေါ်မှ ဂေါက်သီးရိုက်အသင်းများ စုစုပေါင်း ၄၂ သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြိုင်ပွဲမှာ ဆုကြေးတွေက မနှစ်ကထက်ပိုပြီး ချီးမြှင့်ထားပါတယ်၊ ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၃၁ ရက် နံနက် ၆ နာရီခွဲမှာ ဖွင့်ပွဲကျင်းပပြီး ပြိုင်ပွဲကို စတင်ကျင်းပမယ်၊ ဧပြီ ၁ ရက်နေ့ ညပိုင်းမှာ ဆုချီးမြှင့်ပွဲနဲ့ ညစာစားပွဲကို ပြုလုပ်သွားမယ်၊ မန္တလေးတိုင်းဒေသကြီးအနေနဲ့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ ကျင်းပတဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အသင်းအလိုက် အမျိုးသမီး ပထမဆုနဲ့ အသင်းလိုက်အမျိုးသား ဒုတိယဆုရရှိခဲ့ပါတယ်"ဟု ဒိုင်ချုပ်နှင့် ဒိုင်လူကြီးများ လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသန်းဇော်ထွန်းက ပြောသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုကြေးများအနေဖြင့် အသင်းလိုက်ပထမဆု ၂၅ သိန်း၊ ဒုတိယဆု ၁၅ သိန်း၊ တတိယဆု ၁၂ သိန်း၊ စတုတ္ထဆု ၁၀ သိန်းစသည်ဖြင့် ဒသမဆုအထိ ချီးမြှင့်သွားမည်ဖြစ်ပြီး တစ်ဦးချင်းအကျော့ပေးပြိုင်ပွဲတွင် ပထမဆု လေးသိန်း၊ ဒုတိယဆု သုံးသိန်း၊ တတိယဆု နှစ်သိန်းချီးမြှင့်သွားမည့်အပြင် အကျော့မဲ့တစ်ဦးချင်းပြိုင်ပွဲတွင်လည်း ပထမဆု ငါးသိန်း၊ ဒုတိယဆု လေးသိန်း၊ တတိယဆု သုံးသိန်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်မည်

**ရန်ကုန် မတ် ၂၉**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်) ရေကူးအသံလွှင့်စက်ရုံ (ဝေဇယန္တာလမ်း အမှတ်(၈)ရပ်ကွက် မရမ်းကုန်းမြို့နယ်)သည် ဧက ၁၀၀ ကျော် ကျယ်ဝန်းပြီး မြက်ပင်၊ ကိုင်းပင်များထူထပ်စွာ ပေါက်ရောက်နေသဖြင့် သဘာဝကြောင့်လည်းကောင်း၊ လူ့ပယောဂကြောင့်လည်းကောင်း အချိန်မရွေး မီးဘေးအန္တရာယ်ကျရောက်နိုင်သည်။

ရေကူးအသံလွှင့်စက်ရုံမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို နေ့စဉ်နံနက် ၅ နာရီခွဲမှ ည ၁၁ နာရီခွဲအထိ အဆက်မပြတ် ထုတ်လွှင့်လျက်ရှိသည်။ မီးဘေးအန္တရာယ်ကျရောက်ပါက နိုင်ငံပိုင်စက်ပစ္စည်းနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးနိုင်သည့်အပြင် ရေဒီယိုအစီအစဉ်ထုတ်လွှင့်နေမှုလည်း ပြတ်တောက်နိုင်သည်။

သို့ဖြစ်ရာ စက်ရုံဝင်းအတွင်းရှိ ကိုင်းပင်၊ မြက်ပင်ခြောက်များကို ရန်ကုန်တိုင်းဒေသကြီး တိုင်းမီးသတ်ဦးစီးဌာန၏ အကူအညီ၊ အကြံပြုချက်များဖြင့် စနစ်တကျ မီးကြိုရှို့ခြင်းနည်းလမ်းအား အသုံးပြု၍ မီးဘေးအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်နိုင်ရေးဆောင်ရွက်မည်ဖြစ်သည်။ စက်ရုံဝင်းအတွင်း အကျယ်ပေ ၃၀ ရှိ မီးတားလမ်းများပတ်လည်ဖောက်လုပ်ခြင်းကို ကြိုတင်ဆောင်ရွက်ပြီးဖြစ်၍ မီးကြိုရှို့ခြင်းကို မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နံနက် ၇ နာရီခွဲမှ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ စက်ရုံအဆောက်အအုံနှင့် ပြင်ပရပ်ကွက်များသို့ မီးမကူးစက်စေရေးအတွက် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ခြောက်စီးနှင့် မီးသတ်ဝန်ထမ်းအင်အား ၄၀၊ ရေကူးစက်ရုံဝန်ထမ်းအင်အား ၃၅ ဦး၊ လုံခြုံရေး ၁၁ ဦးတို့ဖြင့် အနီးကပ်စောင့်ကြပ်၍ ဧရိယာအပိုင်းအလိုက် မီးကြိုရှို့ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ ဒုတိယအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၉**

မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကော်မတီဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက သက်ကြီးရွယ်အိုသက်သေခံကတ်ပြားရရှိနိုင်ရေး၊ ရန်ပုံငွေထူထောင်ရေးတို့အတွက် တာဝန်ရှိသူများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နည်းဥပဒေထွက်ရှိခြင်းမရှိသေးသော်လည်း လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသက် ၉၀ နှင့်အထက် ဘိုးဘွားများကို လူမှုရေးပင်စင်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဆက်လက်ပြီးနိုင်ငံတော်၏ ဘတ်ဂျက်ရန်ပုံငွေပေါ် မူတည်ပြီး နောင်နှစ်များတွင် အသက် ၈၅ နှင့်အထက် ဘိုးဘွားများကို ထောက်ပံ့ရန် စီစဉ်ထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ မူကြမ်းနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြပြီး ဥပဒေအကြံပေး ဦးကျော်စိန်က နည်းဥပဒေမူကြမ်းတွင် ပါရှိသည့် ဥပဒေရေးရာကိစ္စရပ်များကို ရှင်းလင်းသည်။

ယင်းနောက် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များက နည်းဥပဒေတွင် ပါဝင်သည့် သက်ကြီးရွယ်အိုများ ရသင့်ရထိုက်သော အခွင့်အရေးများနှင့် ဝန်ကြီးဌာနများက ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး နည်းဥပဒေတွင် ထည့်သွင်းရေးဆွဲမည့် ကျန်းမာရေးနှင့် လူမှုရေးအထောက်အပံ့ပေးနိုင်မည့် အချက်များကို အတည်ပြု ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ် ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၁၁၆၀၊ သွင်းကုန် ၉၈၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး၊ သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၉၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၇၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ ဒသမ ၉၁၉ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၈ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့တို့သို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးကို တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် RIVO Mobile Handset ၁၉၉၅ လုံး၊ MI Handset အလုံး ၄၂၀၊ အမျိုးသမီးဝတ်အကျႌအထည် ၃၆၀၀၊ Network Video Recorder အခု ၁၁၀၊ Micro SD အခု ၃၈၀၀၊ Power Supply ၇၂ ခု၊ Video Matrix Platform တစ်ခု၊ LTE Wireless Home Network အခု ၂၀၀ နှင့် Fixed Wireless Terminal အခု ၁၇၀ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၆ ဒသမ ၈၆၅ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်နှစ်လုံး မီးလောင်

**နတ်တလင်း မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဘွတ်တောကျေးရွာအုပ်စု သစ်ဆိမ့်ကုန်းရွာတွင် မတ် ၂၈ ရက် ညနေ ၄ နာရီ ၃၈ မိနစ်က နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ မရွှေစင်ဖြိုး ၂၄ နှစ်၏ နေအိမ်အတွင်း အနောက်ဘက်ထရံနှင့်ကပ်လျက် မီးဖိုတွင် ဝက်စာအိုးတည်သည့် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် စတင်လောင်ကျွမ်းရာ ကပ်လျက်နေ ကိုဝင်းရွှေ၏ နေအိမ်ပါ မီးကူးစက်လောင်ကျွမ်းခဲ့ရာ ပတ်ဝန်းကျင်နေသူများက ဝိုင်းဝန်းငြိမ်းသတ်ကြသဖြင့် ညနေ ၄ နာရီ ၄၈ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ချိုဦးနှင့် သန္ဓေ၊ အရန်တပ်ဖွဲ့ဝင်များ၊ ခေတ္တစခန်းမှူး ရဲအုပ်ခင်မောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်သုံးစီးဖြင့် လာရောက်ငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် မီးပေါ့ဆသူ မရွှေစင်ဖြိုးအား မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **၀၇၁**



# ကားဘီးပေါက်ပြီး တိမ်းမှောက်ရာမှ ကားမီးလောင်မှုဖြစ်ပွား

**မိုးကောင်း မတ် ၂၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အင်းပေါင်းကျေးရွာနှင့် ဆားမှော်ကျေးရွာကြားတွင် မတ် ၂၉ ရက် ညနေ ၃ နာရီက PAJERO အမျိုးအစား မော်တော်ယာဉ်တစ်စီး ဘီးပေါက်၍ တိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့မှ မြစ်ကြီးနားသို့ မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်နေ နိုင်လင်းထွန်း ၃၀ နှစ် မောင်းနှင်လာသည့် KCK-9F/---- နံပါတ်ပါ PAJERO အမျိုးအစား မော်တော်ယာဉ်သည် ဆားမှော်ကျေးရွာနှင့် အင်းပေါင်းကျေးရွာကြား ကျေးရွာချင်းဆက်လမ်း မိုင်တိုင် ၅/၅ နှင့် ၅/၆ အရောက်၌ ကားဘီးပေါက်၍ လမ်း၏ယာဘက်သို့ တိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ဒုတိယဦးစီးမှူး ဦးချမ်းငြိမ်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆားမှော်ကျေးရွာမှ မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ပြီး နိုင်လင်းထွန်းအား မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင်အတွက် စာမူများဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင် အတွဲ (၁)၊ အမှတ် (၁)ကို အောက်ပါမူဝါဒ(၃)ရပ်နှင့်အညီ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ထုတ်ဝေခဲ့ပါသည်-

(က) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေရန်၊
(ခ) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အထောက်အကူဖြစ်စေရန်၊
(ဂ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်ရေး အထောက်အကူဖြစ်စေရန်။


၂။ စာစောင်ကို သုံးလတစ်ကြိမ် ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ရာ ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင်အတွက် ဆောင်းပါး၊ ကဗျာ၊ သတင်းမှတ်စု၊ အင်တာဗျူးများ ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။


၃။ ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင်တွင် ဖော်ပြမည့်စာမူများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတွင် အထောက်အပံ့တစ်ခုဖြစ်စေရန် ရည်ရွယ်၍ မူဝါဒ(၃)ရပ်နှင့်အညီ ရွေးချယ်ဖော်ပြသွားမည်ဖြစ်ပြီး စာရေးသူကိုယ်တိုင် ရေးသားထားခြင်းဖြစ်ကြောင်း ဖော်ပြချက်ပူးတွဲပေးပို့ရန် ဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင်တွင် ရွေးချယ်ဖော်ပြခြင်းခံရသော စာမူများအတွက် သင့်တော်သည့်စာမူခများကို ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။

၄။ စာမူများကို လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာစီဖြင့်ဖြစ်စေ ရေးသားနိုင်ပြီး email- statepeacejournal@gmail.com သို့ လည်းကောင်း၊ အောက်ပါလိပ်စာများသို့လည်းကောင်း ပေးပို့နိုင်ပါသည်-

(က) ဦးကျော်လွင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရုံးအမှတ်(၂၀)၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၉-၂၅၀၀၈၉၃၇၃၊ ဖက်စ်-၀၆၇၃၄၀၉၂၉၂

(ခ) ဦးသက်ဆွေ
အထွေထွေမန်နေဂျာ
ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၉-၉၇၅၀၈၇၂၃၇၊ ဖက်စ်-၀၆၇၃၄၁၂၅၇၅




## မြန်မာ့ရုပ်မြင်သံကြား
## Entertainment Channel

**၃၀-၃-၂၀၁၈ (သောကြာနေ့)**

၀၅း၀၀ အဖွင့်
သာယာငြိမ့်အေးမင်္ဂလာတေး
၀၅း၁၅ ပြည်သူ့နီတိ "အလင်းရောင်"
၀၅း၃၅ ဆန်းသစ်လှပ မြန်မာ့အက
၀၅း၄၅ Atuladhipati Mahamunisacca Koe Htat Kyee Pagoda
၀၆း၀၀ Writer
၀၆း၁၀ Young Talents: Animator Swan Thura Htun
၀၆း၁၅ The Korean Treasure: Kimchi, Black Garlic & Apple Wine
၀၆း၃၅ Shop Shop Shop -Bogyoke Market
၀၆း၄၅ သာယာငြိမ့်အေးမင်္ဂလာတေး
၀၇း၀၀ Surprise Meals
၀၇း၂၀ မဟာဂီတကမ္ဘာ
၀၇း၅၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၀၈း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၅)
၀၈း၃၅ MRTV Entertainment Music
၀၉း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်းစနေ ဂြိုဟ်မင်း" (အပိုင်း-၁၈၈)
၀၉း၃၀ နိုင်ငံခြားရုပ်ရှင် "Tum"
၁၁း၄၅ မြန်မာဗီဒီယိုဇာတ်လမ်း "စွန်ကလေးနှင့်သူမ၏ချစ်သူ"
၁၃း၄၅ Running Man (Ep-318)
၁၄း၂၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၅)
၁၄း၅၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်းစနေ ဂြိုဟ်မင်း"(အပိုင်း-၁၈၈)
၁၅း၂၅ မြန်မာရုပ်ရှင် "အနင်းခံမြက်"
၁၇း၃၀ ကာတွန်းအစီအစဉ် "Chhota Bheem (Episode-27)"
၁၈း၀၀ Running Man (Ep-318)
၁၈း၄၀ MRTV Entertainment Music
၁၈း၅၀ Now in Yangon: DNA Skin Clinic
၁၉း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၆)
၁၉း၃၀ One Championship
၂၀း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်းစနေ ဂြိုဟ်မင်း"(အပိုင်း-၁၈၉)
၂၀း၃၀ Game Show "10 to Million Myanmar" (Epi-108)
၂၁း၂၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၂၁း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "ဖိုက် ဖိုက် ဖိုက်"
၂၂း၄၅ The Korean Treasure, Kimchi, Black Garlic & Apple Wine
၂၃း၀၅ Shop Shop Shop -Bogyoke Market
၂၃း၂၅ နိုင်ငံခြားရုပ်ရှင် "Tum"

**၃၁-၃-၂၀၁၈ (စနေနေ့)**

၀၁း၂၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၆)
၀၁း၅၅ မဟာဂီတကမ္ဘာ
၀၂း၃၅ ဆန်းသစ်လှပ မြန်မာ့အက
၀၂း၄၅ ပြည်သူ့နီတိ "အလင်းရောင်"
၀၃း၀၅ မြန်မာဗီဒီယိုဇာတ်လမ်း "ဤမှန်သော အမုန်းတရားကြောင့်"
၀၅း၀၀ အစီအစဉ်ပြီး၏။

# ဒဏ်ရာပြဿနာကြောင့် မက်ဆီနှင့် တာစတီဂန်တို့ ဆီဗီလာနှင့် ပွဲစဉ်ကို လွဲချော်နိုင်

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် ဂိုးသမားတာစတီဂန်တို့မှာ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရသည့်အတွက် ဆီဗီလာနှင့်ယှဉ်ပြိုင်မည့် လာလီဂါပွဲစဉ်ကို လွဲချော်နိုင်ဖွယ်ရှိနေကြောင်း သိရသည်။

ဘာစီလိုနာအနေဖြင့် အဓိကကစားသမားနှစ်ဦး မပါဝင်ဘဲ စပိန်တောင်ပိုင်းသို့ အဝေးကွင်းပွဲစဉ် သွားရောက်ရင်ဆိုင်ရန် ရှိနေသလိုယင်းပွဲစဉ်အပြီးတွင်လည်း ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ရိုးမားနှင့်ဆက်လက်ယှဉ်ပြိုင်ရဦးမည်ဖြစ်ရာ နည်းပြ ဗယ်လ်ဗာဒီအတွက် စိုးရိမ်စရာ အနေအထားပင်ဖြစ်သည်။

မက်ဆီမှာ တံကောက်ကြောဒဏ်ရာကြောင့် အီတလီ၊ စပိန်တို့နှင့်ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်နှစ်ရပ်လုံးတွင် အာဂျင်တီးနားအတွက် ဝင်ရောက်ကစားပေးနိုင်ခြင်းမရှိသလို တာစတီဂန်မှာလည်း ဒူးဒဏ်ရာကြောင့် ဘရာဇီးနှင့် ပွဲစဉ်တွင် ဂျာမနီအတွက် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။ မက်ဆီမပါဝင်သည့် အာဂျင်တီးနားက အီတလီကို အနိုင်ရခဲ့သော်လည်း စပိန်ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သလိုဂျာမနီကလည်း ဘရာဇီးကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

ဗယ်လ်ဗာဒီက "သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ အခြေအနေတွေ ဘယ်လောက်အထိ ကြံ့ခိုင်မှုရှိသလဲဆိုတာ ကျွန်တော် အသေးစိတ်မသိသေးဘူး၊ သူတို့ရဲ့ အခြေအနေကို သိနိုင်ဖို့ ဆေးစစ်မှု ပြုလုပ်သွားဦးမှာပါ၊ ဆရာဝန်တွေကပဲ သူတို့ ကစားနိုင်မယ်၊ မကစားနိုင်ဘူးဆိုတာဆုံးဖြတ်ပေးနိုင်မှာဖြစ်ပြီး ဒီမတိုင်ခင် ကျွန်တော်တို့ဘာသာ ကြိုဆုံးဖြတ်ပြီး သောကဝေနေဖို့ မဖြစ်နိုင်ပါဘူး" ဟု ပြောကြားခဲ့သည်။

ဗယ်လ်ဗာဒီက နိုင်ငံတကာပွဲစဉ်များအပြီး ကစားသမားအများစု ဒဏ်ရာပြဿနာများ ရှိနေတတ်သည်မှာ ထုံးစံတစ်ရပ်ဖြစ်နေပြီး ထို့အတွက် အကောင်းဆုံးပြင်ဆင်ထားရန်သာ လိုကြောင်း ဆိုခဲ့သလို ဆီဗီလာနှင့် ပွဲစဉ်တွင် အနိုင်ရရှိပါက လာလီဂါဖလားအတွက် သေချာသလောက် ဖြစ်သွားမည်ဖြစ်ကြောင်းလည်း မှတ်ချက်ပြုခဲ့သည်။

မေလှဲ့သင်း - ရေးသားသည်







# ဂျရူးကို ဒေါသဖြစ်စေခဲ့တဲ့ ဂျာနယ်လစ်

ရုရှားနဲ့ ပြင်သစ်တို့ကစားခဲ့တဲ့ နိုင်ငံတကာ ချစ်ကြည်ရေး ခြေစမ်းပွဲအပြီးမှာ ဂျာနယ်လစ်တစ်ဦးကြောင့် ပြင်သစ်တိုက်စစ်မှူး ဂျရူးရဲ့ အေးစက်မှုဟာ ပေါက်ထွက်လာခဲ့ကြောင်း The Sun သတင်းဌာနက ဖော်ပြပါတယ်။

ပြင်သစ်အသင်းက ကိုလံဘီယာအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ပေမယ့် ကမ္ဘာ့ဖလားအိမ်ရှင် ရုရှားအသင်းကိုတော့ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တာ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ကွင်းလယ်လူ ပေါ့ဘာက အလွတ်တည်ကန်ဘောကနေတစ်ဆင့် လှလှပပသွင်းယူခဲ့သလို တိုက်စစ်မှူး မက်ပီက နှစ်ဂိုးဆက်တိုက် သွင်းယူပြီး ပြင်သစ်ကို ပြန်လည်နိုင်ပွဲတွေ့စေခဲ့ပါတယ်။

ဒါကြောင့် ဂျာနယ်လစ်တွေ အားလုံးရဲ့ အာရုံဟာ ဒီပွဲမှာ သူရဲကောင်းဖြစ်ခဲ့တဲ့ မက်ပီရဲ့ ပွဲပြီး မှတ်ချက်စကားရဖို့သာ အဓိကဖြစ်နေပြီး ဂျရူးကို မေးမြန်းနေတဲ့ ဂျာနယ်လစ်က မက်ပီ ဖြတ်သွားချိန်မှာ ရုတ်တရက် ရပ်တန့်သွားတာကြောင့် ဂျရူးရဲ့ သည်းခံနိုင်စွမ်း ကျော်လွန်သွားခဲ့ပုံပေါ်ပါတယ်။ ဂျရူးက "ခင်ဗျား သူ့ကို တွေ့ချင်နေတာလား၊ သွားလိုက်လေဗျာ"လို့ တုံ့ပြန်လိုက်တာပါ။ အဲဒီနောက် ဂျာနယ်လစ်ကလည်း စိတ်ပြောင်းသွားပြီး မက်ပီကို အင်တာဗျူးဖို့ မကြိုးစားတော့ဘဲ သူ့ရဲ့ လုပ်ရပ်အတွက် ဂျရူးကို ပြန်လည်တောင်းပန်ခဲ့ပါတယ်။

# စတာလင်းအား ရာသီမကုန်မီ စာချုပ်သစ်ချုပ်ရန် မန်စီးတီးအသင်း ဆွေးနွေးသွားမည်ဟုဆို

မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီမကုန်မီတိုက်စစ်မှူး စတာလင်းအား စာချုပ်သစ်တစ်ရပ်ချုပ်ဆိုနိုင်ရေးဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူးစတာလင်းအား စာချုပ်သစ်ချုပ်ဆိုနိုင်ရေးအတွက် လာမည့်ဧပြီလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

စတာလင်းသည် အင်္ဂလန်အသင်းနှင့် အီတလီအသင်းတို့တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ပေါ်ခဲ့သည့် ချစ်ကြည်ရေး ခြေစမ်းပွဲစဉ်တွင် အင်္ဂလန်အသင်း၏ အဓိကကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့သည်။

မန်စီးတီးအသင်းနှင့်အတူ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်များ၊ ချန်ပီယံလိဂ်ပွဲစဉ်များနှင့် လိဂ်ဖလားပွဲစဉ်များတွင် ပြိုင်ပွဲအရပ်ရပ်၌ သွင်းဂိုး ၂၀ သွင်းယူ ပေးနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှု ၁၁ ကြိမ်အထိလည်း ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး စတာလင်းသည် လက်ရှိမန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးသော်လည်း မန်စီးတီးအသင်းကမူ စတာလင်း၏အနာဂတ်ကို အီတီဟက်ဒ်တွင်သာ ဆက်လက်ဖြတ်သန်းစေလိုသောကြောင့် ကာလရှည်စာချုပ်တစ်ရပ်ထပ်တိုးချုပ်ဆိုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ငွေကြယ် - ရေးသားသည်




**MPT MYANMAR NATIONAL LEAGUE 2018 ပွဲစဉ်(၉)**

| ရက်စွဲ | အချိန် | အသင်း | ကွင်း | Live ထုတ်လွှင့်မှု |
|---|---|---|---|---|
| ၃၀-၃-၂၀၁၈ | ၄း၀၀ | GFA Vs မကွေး | သုဝဏ္ဏ | MRTV, For Sports |
| ၃၁-၃-၂၀၁၈ | ၃း၃၀ | ရှမ်းယူနိုက်တက် Vs ရခိုင်ယူနိုက်တက် | တောင်ကြီး | MNL Page |
| ၃၁-၃-၂၀၁၈ | ၃း၃၀ | စစ်ကိုင်းယူနိုက်တက် Vs Southern Myanmar | မုံရွာ | MNL Page |
| ၃၁-၃-၂၀၁၈ | ၄း၀၀ | မြဝတီ Vs ရန်ကုန်ယူနိုက်တက် | သုဝဏ္ဏ | MRTV,For Sports |
| ၁-၄-၂၀၁၈ | ၄း၀၀ | ဇွဲကပင်ယူနိုက်တက် Vs ဧရာဝတီယူနိုက်တက် | အောင်ဆန်း | MRTV, For Sports |
| ၁-၄-၂၀၁၈ | ၃း၃၀ | ရတနာပုံ Vs ဟံသာဝတီယူနိုက်တက် | မန္တလာသီရိ | MNL Web TV |

Ref:MFF (ကျော်သူရ)

# ဆော်ဒီအာရေးဗီးယားတိုက်စစ်မှူး မန်ယူနှင့်အတူ သီတင်းသုံးပတ်ကြာ လေ့ကျင့်ကစားမည်

ဆော်ဒီအာရေးဗီးယားတိုက်စစ်မှူး မိုဟာမက်အယ်လ်ဆာလာဝီသည် မန်ယူအသင်းနှင့်အတူ သီတင်းပတ်သုံးပတ်ကြာလေ့ကျင့်ကစားမည်ဖြစ်ကြောင်း သိရသည်။ အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး အယ်လ်ဆာလာဝီသည် နိုင်ငံအသင်းအတွက် ပွဲပေါင်း ၃၃ ပွဲတွင် သွင်းဂိုး ၂၆ ဂိုးသွင်းယူပေးထားပြီး နည်းပြမော်ရင်ဟိုကိုင်တွယ်လျက်ရှိသည့် မန်ယူအသင်း၏ elite ကုမ္ပဏီတွင်လည်း ၎င်း၏ ဘောလုံးခြေစွမ်းကို ပြသထားနိုင်ခဲ့သူဖြစ်သည်။

အယ်လ်ဆာလာဝီသည် ဆော်ဒီအာရေးဗီးယားအသင်းအတွက် အဓိကအားထားရသည့် ကစားသမားတစ်ဦးဖြစ်ပြီး ယခုနှစ်နွေရာသီတွင် ရုရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ နိုင်ငံအသင်းအတွက် အကောင်းဆုံးခြေစွမ်းရရှိရန် မျှော်လင့်ထားကြောင်းလည်းသိရသည်။

မန်ယူအသင်းနှင့်အတူ သီတင်းပတ်သုံးပတ်ကြာလေ့ကျင့်ကစားမည်ဆိုသည့်သတင်းကိုလည်း ဆော်ဒီအာရေးဗီးယားအသင်းဥက္ကဋ္ဌ တာကီအယ်လ်ရှိတ်ခ်က ၎င်း၏တွစ်တာစာမျက်နှာတွင် အတိအလင်းကြေညာထားကြောင်းလည်း သိရသည်။

# အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**
**အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်း**
**( ၂၀ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**( ၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**နိဒါန်း**

ဤဥပဒေသည် အခွန်ဥပဒေများ၏ စီမံအုပ်ချုပ်မှုဆိုင်ရာများကို ပြန်လည်သုံးသပ်ပြင်ဆင်စုစည်းရန်နှင့်အခွန်များကို ထိရောက်စွာကောက်ခံနိုင်စေရန် ရည်ရွယ်သည်။

**အမည်၊ အာဏာတည်ခြင်းနှင့်သက်ဆိုင်ခြင်း**

၁။ (က) ဤဥပဒေကို **အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ**ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ် ဧပြီလ (၁) ရက်နေ့မှစ၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေသည်-
(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင်အာဏာတည်ရမည်။ ထို့ပြင် ဝင်ငွေခွန်ကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြင်ပနေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားများအပေါ်တွင်လည်း အာဏာတည်ရမည်၊
(ခ) အခြားနည်းဖြင့် သတ်မှတ်ထားခြင်းမရှိလျှင် အောက်ပါဥပဒေတစ်ရပ်ရပ်အရ ကောက်ခံသည့် အခွန်အမျိုးအစားများနှင့်သက်ဆိုင်စေရမည် -
(၁) ဇယား(၁) တွင်စာရင်းပြုစုဖော်ပြထားသည့် ဥပဒေများအရစည်းကြပ်သည့်အခွန်နှင့်
(၂) ညွှန်ကြားရေးမှူးချုပ်အား တာဝန်အပ်နှင်းထားသည့် အခြားအခွန်ဥပဒေတစ်ရပ်ရပ်ပါ အခွန်အမျိုးအစား တစ်ခုခု။

**အဓိပ္ပာယ်ဖော်ပြချက်များ**

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။
(ခ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။
(ဂ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနကိုဆိုသည်။
(ဃ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။
(င) **တာဝန်ခံဝန်ထမ်း** ဆိုသည်မှာ အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဦးစီးဌာနက သတ်မှတ်တာဝန်ပေးအပ်ထားသည့် ဝန်ထမ်းကို ဆိုသည်။
(စ) **အခွန်ဝန်ထမ်း**ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းတစ်ဦးဦးကိုဆိုသည်။
(ဆ) **အခွန်ထမ်း**ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သည့်အခွန်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေကိုကျင့်သုံးခြင်းအားဖြင့် အခွန်ပေးဆောင်ရန်တာဝန်ရှိသူနှင့်အခွန်ကို ပင်ရင်းမှနုတ်ယူ၍ ဦးစီးဌာနသို့ ပေးသွင်းရန်တာဝန်ရှိသူတို့လည်း ပါဝင်သည်။
(ဇ) **စာတမ်းအမှတ်အသား**ဆိုရာတွင်အောက်ပါတို့ပါဝင်သည် -
(၁) အီလက်ထရွန်နစ် နည်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရေးမှတ်ထားသောစာအုပ်၊ စာရင်းမှတ်တမ်း၊ မှတ်ပုံတင်စာရင်း၊ ဘဏ်ငွေစာရင်းရှင်းတမ်း၊
(၂) အီလက်ထရွန်နစ် နည်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အချက်အလက်သိုလှောင်သည့်ကိရိယာတွင် သိုလှောင်ထားသည့် ကိန်းဂဏန်း သို့မဟုတ် သတင်းအချက်အလက်။
(ဈ) **အခွန်ကြေညာလွှာ**ဆိုသည်မှာ ဦးစီးဌာနသို့ ပုဂ္ဂိုလ်တစ်ဦးမှ တင်သွင်းရမည့် သို့မဟုတ် အခွန်ထမ်းကိုယ်စား ဦးစီးဌာနမှပြုစုပေးသည့် ယင်းပုဂ္ဂိုလ် သို့မဟုတ် အခြားပုဂ္ဂိုလ်များပေးဆောင်ရမည့် အခွန်တာဝန်ဆိုင်ရာသတင်းအချက်အလက်ကို ဖော်ပြထားသောကြေညာလွှာကိုဆိုသည်။ အခွန်ကြေညာလွှာဟု ဆိုရာတွင် သတင်းအချက်အလက် ကြေညာလွှာလည်းပါဝင်သည်။
(ည) **ဥပဒေ**ဆိုသည်မှာ ဤဥပဒေအာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ ဥပဒေပြု အာဏာပိုင်တစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အက်ဥပဒေ၊ တစ်ချက်လွှတ် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်အပြင် ဥပဒေကဲ့သို့ အာဏာတည်သော ဓလေ့ထုံးတမ်းများလည်း ပါဝင်သည်။
(ဋ) **အခွန်ဥပဒေ**ဆိုသည်မှာ အခွန်စည်းကြပ်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ကြော်ငြာစာများကို ဆိုသည်။
(ဌ) **အခွန်**ဆိုသည်မှာ အခွန်ဥပဒေတစ်ရပ်ရပ်အရ ကောက်ခံသည့် အစိုးရသို့ မဖြစ်မနေပေးသွင်းရမည့်အခွန်ဖြစ်ပြီး ယင်းစကားရပ်တွင်အခွန်နှင့်စပ်လျဉ်းသည့် အတိုးနှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်။
(ဍ) **စည်းကြပ်ခြင်း**ဆိုသည်မှာ အခွန်ကာလတစ်ခုအတွက် အခွန်ထမ်းမှအခွန်ပေးဆောင်ရန် တာဝန်ရှိသည့် ပမာဏကို ဦးစီးဌာန၏ မှတ်တမ်းများတွင် ရေးသွင်းခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပြင်ဆင်စည်းကြပ်ခြင်းနှင့်ပုဒ်မ ၂၇၊ ပုဒ်မခွဲ (င) အရစည်းကြပ်ခြင်းတို့လည်းပါဝင်သည်။

**အခန်း (၂)**
**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**
**ညွှန်ကြားရေးမှူးချုပ်နှင့်ဦးစီးဌာန**

၄။ (က) ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထောင်စုဝန်ကြီး၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် အောက်ပါတို့ကို ထမ်းရွက်ရန် တာဝန်ရှိသည် -
(၁) ဥပဒေနှင့်အညီ အခွန်များကောက်ခံခြင်းနှင့် တာဝန်ခံခြင်း၊
(၂) ဤဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံအုပ်ချုပ်ခြင်းနှင့် ကျင့်သုံးဆောင်ရွက်ခြင်း။
(ခ) ဤဥပဒေအရပြုလုပ်သည့် စည်းကြပ်မှု တစ်ခုခုကို ပယ်ဖျက်ရန် သို့မဟုတ် ပြုပြင်ပြောင်းလဲရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မပြုရ။ ထို့အပြင် ဤဥပဒေအရသဘောရိုးဖြင့် ဆောင်ရွက်သည့် သို့မဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့်ကိစ္စတစ်ခုခုအတွက် ညွှန်ကြားရေးမှူးချုပ်သည်လည်းကောင်း၊ ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးသည်လည်းကောင်း၊ ပုဒ်မ ၆ အရ တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျွမ်းကျင်သူတစ်ဦးဦးသည်လည်းကောင်း၊ ဤဥပဒေအရ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် ညွှန်ကြားရေးမှူးချုပ်မှ တာဝန်ပေးအပ်ထားသူ တစ်ဦးဦးသည်လည်းကောင်း တရားစွဲဆိုခံရခြင်းမရှိစေရ။
(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့်ကိုက်ညီသည်ဟု ထင်မြင်ယူဆသည့် ပုံစံများကို အမိန့်ကြော်ငြာစာ၊ ညွှန်ကြားလွှာ တစ်စုံတစ်ရာအားဖြင့်သော်လည်းကောင်း၊ အစိုးရပြန်တမ်းအားဖြင့်သော်လည်းကောင်း ထုတ်ပြန်နိုင်သည်။

**အခွင့်အာဏာလွှဲအပ်ခြင်း**

၅။ (က) ညွှန်ကြားရေးမှူးချုပ်သည် -
(၁) ဤဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ခံယူလုပ်ပိုင်ခွင့်ရှိရမည်၊
(၂) ဤပုဒ်မအရ တာဝန်ခွဲဝေအပ်နှင်းနိုင်သည့် လုပ်ပိုင်ခွင့်မှအပ မိမိအားအပ်နှင်းထားသည့် တာဝန် သို့မဟုတ် လုပ်ပိုင်ခွင့်တစ်ရပ်ကို ဦးစီးဌာန၏ဝန်ထမ်းတစ်ဦးသို့ လွှဲအပ်နိုင်သည်၊
(၃) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံသို့လည်းကောင်း၊ တည်ဆဲရာထူးတာဝန်တစ်ခုခုသို့လည်းကောင်း အခွင့်အာဏာလွှဲအပ်နိုင်သည်၊
(၄) ဤပုဒ်မအရ လွှဲအပ်ထားသောအခွင့်အာဏာကို မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။
(ခ) ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရန်လိုအပ်သည့် သတင်းအချက်အလက်၊ ကြေညာချက်နှင့် စာတမ်းအမှတ်အသားတစ်စုံတစ်ရာကို ညွှန်ကြားရေးမှူးချုပ်က အဆိုပြုသည့် အခြားပုဂ္ဂိုလ်တစ်ဦးထံသို့ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် အခြေအနေနှင့်အညီ ပေးအပ်ရန်ညွှန်ကြားရေးမှူးချုပ်က ခွင့်ပြုနိုင်သည်။
(ဂ) ဤပုဒ်မအရ အခွင့်အာဏာလွှဲအပ်ခြင်းကြောင့် ညွှန်ကြားရေးမှူးချုပ်၏ အခွင့်အာဏာ၊ တာဝန်နှင့်လုပ်ငန်းတာဝန်များအား ကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ရာတွင်အဟန့်အတားမဖြစ်စေရ။

**ကျွမ်းကျင်သူများ၏ အကူအညီရယူခြင်း**

၆။ (က) ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်စေရေး အလို့ငှာ ညွှန်ကြားရေးမှူးချုပ်က သင့်လျော်သည်ဟု ယူဆသည့် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကျွမ်းကျင်သူများ၏ အကူအညီကို ရယူနိုင်သည်။
(ခ) လုပ်ငန်းတာဝန်တစ်ရပ်ရပ်အတွက် သတ်မှတ်တာဝန်ပေးအပ်ခံရသည့် ဝန်ထမ်းသည် ကျွမ်းကျင်သူမှပေးအပ်သည့် အကူအညီအပေါ် ကြီးကြပ်ဆောင်ရွက်ရမည်။
(ဂ) မည်သူမဆိုကျွမ်းကျင်သူနှင့် တိုက်ရိုက် ဆက်ဆံဆောင်ရွက်ခြင်း မပြုလိုပါက ငြင်းပယ်ခွင့်ရှိသည်။ သို့ရာတွင် အခွန်ဝန်ထမ်းအားအကူအညီပေးလျက်ရှိသော ကျွမ်းကျင်သူအား ဟန့်တားခြင်းမပြုရ။
(ဃ) ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ကျွမ်းကျင်သူတစ်ဦး၏ အကူအညီကိုရယူခြင်းတွင် ဦးစီးဌာန၏ အကျိုးစီးပွားနှင့် သွေဖည် (conflict of interest) နေခြင်းကို ညွှန်ကြားရေးမှူးချုပ်ထံ တိုင်ကြားခွင့်ရှိသည်။
(င) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ပုဒ်မခွဲ (ဃ) အရ တိုင်ကြားခြင်းအပေါ် စိစစ်၍ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်ပြီး အကူအညီ ဆက်လက်ရယူခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည်အပြီးအပြတ်ဖြစ်သည်။
(စ) ကျွမ်းကျင်သူတစ်ဦးကို တာဝန်ပေးအပ်ခြင်းသည် စာဖြင့်ရေးသားဖော်ပြထားခြင်း မရှိလျှင်သော်လည်းကောင်း၊ ဤပုဒ်မအရဆောင်ရွက်ကြောင်း အတိအလင်းဖော်ပြထားခြင်း မရှိလျှင်သော်လည်းကောင်း သက်ရောက်မှုမရှိစေရ။
(ဆ) ဤပုဒ်မနှင့် အကျုံးဝင်သည့် ကျွမ်းကျင်သူတစ်ဦးသည် ယင်းအားတာဝန်ပေးအပ်ခြင်းကြောင့်လည်းကောင်း၊ ယင်း၏ အကူအညီရယူခြင်းကြောင့်လည်းကောင်း အခွန်ဥပဒေတစ်ရပ်နှင့်ဆက်စပ်၍ လက်ဝယ်သို့ရောက်ရှိလာသည့် သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားအားလုံးကို လျှို့ဝှက်ထိန်းသိမ်းရမည်။
(ဇ) ပုဒ်မ ၇ နှင့် ပုဒ်မ ၈၀ တို့သည် ဤပုဒ်မအရ ခန့်အပ်ထားသော ကျွမ်းကျင်သူအပေါ် သက်ရောက်မှုရှိစေရမည်။

**လျှို့ဝှက်ကိစ္စအဖြစ်မှတ်ယူခြင်း**

၇။ (က) ပုဒ်မခွဲ (ဂ)၊ (ဃ)နှင့်ပုဒ်မခွဲ (င) တို့တွင်ဖော်ပြထားသည့် ခြွင်းချက်များမှတစ်ပါး ဤဥပဒေအရ တာဝန်ထမ်းဆောင်နေသည့် သို့မဟုတ် ဤဥပဒေအရ စီမံအုပ်ချုပ်ရန် ခန့်ထားသည့် ပုဂ္ဂိုလ်တိုင်းသည် လုပ်ငန်းတာဝန်အရ ယင်းပုဂ္ဂိုလ်၏ လက်ခံရရှိသည့် အခွန်ထမ်းတစ်ဦးဦးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားအားလုံးကို လျှို့ဝှက်ထိန်းသိမ်းရမည်ဖြစ်ပြီး ယင်းသတင်းအချက်အလက်များကို အောက်ပါပုဂ္ဂိုလ်များထံသို့သာ ထုတ်ဖော်ခြင်းပြုနိုင်သည် -
(၁) ယင်းတို့၏ တာဝန်များကို ထမ်းရွက်ရန်ရည်ရွယ်ချက်အလို့ငှာ ဦးစီးဌာန၏ ဝန်ထမ်းများ၊ ဦးစီးဌာန၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများ၊ အကောက်ခွန်ဦးစီးဌာနနှင့် ယစ်မျိုးခွန်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့၏ ဝန်ထမ်းများ၊
(၂) ဦးစီးဌာနအား ကြီးကြပ်ရန်ရည်ရွယ်ချက်အလို့ငှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊
(၃) အခွန်ကိစ္စရပ်များကို သုံးသပ်အကဲဖြတ်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းများ၊
(၄) ဦးစီးဌာနအပေါ် ပုံမှန်စစ်ဆေးရန် တာဝန်ရှိသည့်စာရင်းစစ်ချုပ်ရုံး၊
(၅) နိုင်ငံတကာသဘောတူညီချက် တစ်ရပ်ရပ်နှင့်အညီ နိုင်ငံတော်နှင့်လက်မှတ်ရေးထိုးသဘောတူညီထားသော ပြည်ပနိုင်ငံတစ်နိုင်ငံ၏ အခွန်အာဏာပိုင်များ၊
(၆) ရာဇဝတ်မှုတစ်ခုကို ရုံးတင်တရားစွဲဆိုရန်အလို့ငှာ ဥပဒေနှင့်အညီလိုက်နာစေရန် အရေးယူဆောင်ရွက်သည့်အစိုးရဌာနများ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊
(၇) အခွန်ထမ်းပေးဆောင်ရမည့် အခွန်ကို သတ်မှတ်ရန်သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုအတွက် တာဝန်ရှိကြောင်းဖော်ပြရန်သော်လည်းကောင်း ကြားနာစစ်ဆေးသည့်သက်ဆိုင်ရာတရားရုံး။
(ခ) ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ပုဒ်မခွဲ (က) အရ သတင်းအချက်အလက်ကို ထုတ်ဖော်ရန် ခွင့်ပြုခြင်းခံရပါက ယင်းပုဂ္ဂိုလ်အနေဖြင့် လိုအပ်သည့် အနည်းဆုံးအတိုင်းအတာအထိသာ ထုတ်ဖော်နိုင်ပြီး ကျန်သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့်ထိန်းသိမ်းထားရမည်။
(ဂ) ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်ပုဒ်မခွဲ (က) အရ သတင်းအချက်အလက်ကို လက်ခံရရှိပါက ယင်းသို့ လက်ခံရရှိသည့် သတင်းအချက်အလက်၏လိုအပ်သည့် အနည်းဆုံးအတိုင်းအတာအထိသာ ထုတ်ဖော်နိုင်ပြီး ကျန်သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့်ထိန်းသိမ်းထားရမည်။
(ဃ) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်းသို့မဟုတ် ယင်း၏ ကိုယ်စားလှယ်ဖြစ်ကြောင်းပြောဆိုလာသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ယင်းပြောဆိုချက် မှန်ကန်ကြောင်းခိုင်လုံသည့် အာမခံချက်ရရှိပြီးမှသာ ယင်းအခွန်ထမ်းနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကို ယင်းပုဂ္ဂိုလ်ထံသို့ ထုတ်ဖော်နိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်မှု များပြား

**မုံရွာ မတ် ၂၉**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ ကလေး၊ စစ်ကိုင်း၊ ရွှေဘို၊ ကသာမြို့များသည် ရှေးဟောင်းအမွေအနှစ်များ၊ အထင်ကရနေရာများစွာရှိသဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်မှုမှာ နှစ်စဉ်မြင့်တက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ပခရီးသွား ၂၄၁၂၉ ဦး၊ ပြည်တွင်းခရီးသွား ၁၀၉၅၂၁ ဦး စုစုပေါင်း ၁၃၃၆၅၀ ဝင်ရောက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ ပြည်တွင်းခရီးသွား ၁၂၇၇၉၀ နှင့် ပြည်ပခရီးသွား ၂၆၀၉၉ ဦးအထိ ဝင်ရောက်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

"၂၀၁၇ ခုနှစ်ထဲမှာဆိုရင် ဗန်းမောက်မြို့နယ်က ဇလုံတောင်ဘုရားကို ပြည်တွင်းခရီးသွားတွေ ပိုပြီးစိတ်ဝင်တစားနဲ့ သွားကြတာ တွေ့ရတယ်၊ အဲဒါနဲ့တစ်ဆက်တည်း အင်းတော်မြို့နယ်က မန်လည်ဆရာတော်ကြီး ရုပ်ကလာပ်တော်ရှိတဲ့ မန်လည်ကျောင်းကိုလည်း ခရီးသွားတွေ ဝင်ရောက်မှုဟာ များလာတယ်။ မိသားစုလိုက်၊ အဖွဲ့လိုက် ခရီးသွားလို့ ကောင်းတဲ့နေရာတွေလည်း အများကြီးရှိပါသေးတယ်၊ လာမယ့်နှစ်တွေမှာလည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေ ပိုပြီးတော့ တိုးတက်လာမယ့် အခြေအနေမှာရှိနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

၂၀၁၇ ခုနှစ် ဧပြီမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီအထိ မုံရွာဇုန်တွင် ပြည်ပခရီးသွား ၁၉၇၄၈ ဦး၊ ပြည်တွင်းခရီးသွား ၈၇၂၂၆ ဦး စုစုပေါင်း ၁၀၆၉၇၄ ဦး၊ ကလေးဇုန်တွင် ပြည်ပခရီးသွား ၄၄၂၆ ဦး၊ ပြည်တွင်းခရီးသွား ၁၉၁၁၇ ဦး စုစုပေါင်း ၂၃၅၄၃ ဦး၊ စစ်ကိုင်းဇုန်တွင် ပြည်ပခရီးသွား ၁၀၉၅ ဦး၊ ပြည်တွင်းခရီးသွား ၁၀၇၇၁ ဦး စုစုပေါင်း ၁၁၈၆၆ ဦး၊ ရွှေဘိုဇုန်တွင် ပြည်ပခရီးသွား ၅၄၃ ဦး၊ ပြည်တွင်းခရီးသွား ၄၅၃၀ စုစုပေါင်း ၅၀၇၃ ဦး၊ ကသာဇုန်တွင် ပြည်ပခရီးသွား ၂၈၇ ဦး၊ ပြည်တွင်းခရီးသွား ၆၁၄၆ ဦး စုစုပေါင်း ၆၄၃၃ ဦး စုစုပေါင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၁၅၃၈၈၉ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# မန္တလေးမြို့တော်တွင် လမ်းမီးများထွန်းပွဲကျင်းပ

**မန္တလေး မတ် ၂၉**
သမ္မတသစ်အား ကြိုဆိုထောက်ခံသောအားဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တပ်ဆင်ပြီးစီးခဲ့သော ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေးလမ်း သိပ္ပံလမ်းဆုံမှ တံခွန်တိုင်အဝိုင်းအထိ လမ်းလယ်ကျွန်း လမ်းမီးတိုင်များ စတင်ထွန်းညှိပွဲကို မတ် ၂၈ ရက် ညနေ ၆ နာရီက ချမ်းမြသာယာရပ်ကွက် လမ်းဆုံတွင်ကျင်းပရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင် တက်ရောက်အားပေးပြီး မီးခလုတ်နှိပ်ထွန်းညှိပေးကာ မြို့တော်ဝန်နှင့် ကော်မတီဝင်များက လမ်းတစ်လျှောက်လမ်းမီးတိုင်များကို လှည့်လည်ကြည့်ရှုခဲ့သည်။

တပ်ဆင်ဖွင့်လှစ်သည့် လမ်းလယ် မီးတိုင်များမှာ ၁၅၅ ဝပ် ရှိ LED မီးတိုင်နှစ်ခုပါ လမ်းမီးတိုင် ၉၃ ခု ကို ပေ ၁၀၀ စီအကွာ တပ်ဆင်ပေးခဲ့သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့တော်သာယာလှပရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မှောင်ရိပ်ခိုမှုခင်းများ လျော့နည်းကျဆင်းစေရေးအတွက် မန္တလေးမြို့အချက်အချာကျုံးပတ်လည် ၂၆ လမ်း၊ ၈၀ လမ်း၊ ၁၂ လမ်း၊ ၆၆ လမ်းတို့တွင်လည်း အဆင့်မြင့်လမ်းမီးတိုင် များအား တပ်ဆင်ပေးခဲ့ပြီး ဒုတိယအဆင့် သိပ္ပံလမ်းမှ တံခွန်တိုင်အဝိုင်းအထိ တပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။

အလားတူ သမ္မတအသစ်အား ကြိုဆိုထောက်ခံသည့်အနေဖြင့် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်အတွင်း ၇၃ လမ်း၊ ၉ လမ်းမှ ၁၂ လမ်းအထိ၊ ၇၃ လမ်း ၈ လမ်းမှ ၉ လမ်းအထိ၊ ၉ လမ်းအား ၇၁ လမ်းမှ ၇၆ လမ်းအထိ LED လမ်းမီးတိုင်များ ဖွင့်ပွဲကိုလည်း မတ် ၂၈ ရက် ညနေက လူငယ်သင်တန်းကျောင်းအနီးတွင်ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးခိုင်မြင့် တက်ရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# စဉ့်ကူးမြို့ပြည်သူ့ဆေးရုံ၌ အာဟာရဒါနကျွေးမွေးလှူဒါန်း

**စဉ့်ကူး မတ် ၂၉**
မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေကြသော အတွင်းလူနာများအား စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့ မြင့်မြတ်သူတို့နှလုံးသား ပရဟိတအသင်းသူအသင်းသားများစုပေါင်း၍ မတ် ၂၉ ရက် နံနက် ၈ နာရီက အာဟာရကုသိုလ်အဖြစ် ကြက်ဥနှင့် ကြက်သား ဆန်ပြုတ်အာဟာရများ လာရောက်ကျွေးမွေးလှူဒါန်းကြသည်။

လှူဒါန်းပွဲသို့ မြို့နယ်ကျန်းမာရေးမှူး Dr ကျော်ထူးမြတ်နှင့် ကျန်းမာရေးဆရာ ဆရာမများ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများက လိုအပ်သည်များကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

"ကျွန်မတို့ မြင့်မြတ်သူတို့နှလုံးသား ပရဟိတအသင်းက မြို့နဲ့ အနီးပတ်ဝန်းကျင်ရှိ လက်လှမ်းမီတဲ့ ဆေးရုံ၊ ဆေးခန်း၊ စာသင်တိုက်နဲ့ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းတွေကို အပတ်စဉ် ကြာသပတေးနေ့တိုင်း သွားရောက်ပြီး လှူဒါန်းလျက်ရှိပါတယ်၊ အခုလိုမျိုးလှူဒါန်းတာ သုံးနှစ်ရှိပါပြီ၊ လိုအပ်နေကြသူတွေထံ လိုအပ်နေတဲ့ ထမင်းဟင်းအာဟာရတွေ အပတ်စဉ် ကျွေးမွေးနေရလို့ ဝမ်းသာပီတိလည်းဖြစ်မိပါတယ်" ဟု လာရောက်လှူဒါန်းသူ အသက် ၇၀ နှစ်ရှိ ဒေါ်ခင်မာရီက ပြောသည်။

**ဝင်းမောင် (စဉ့်ကူး)**

# လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

**ညောင်ဦး မတ် ၂၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ခရိုင်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့ဝင်များ အချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်ကြစေရန်နှင့် လူစုလူဝေးအား ထိန်းသိမ်းရာတွင် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် လူစုလူဝေးအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်း အမှတ်စဉ် (၂/၂၀၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီတွင် ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမာလာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းမှ ပို့ချသင်ကြားပေးမည့် လူစုလူဝေး စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းနည်းပညာရပ်များကို ဂရုတစိုက် လေ့လာသင်ယူကြရန် ရှင်းလင်းမှာကြားခဲ့သည်။ ထို့နောက် သင်တန်းနည်းပြများက သင်တန်းသားတပ်ဖွဲ့ဝင်များကို လူစုလူဝေးအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းနည်းပညာရပ်များနှင့် တပ်ဖွဲ့ဝင်အချင်းချင်း စည်းလုံးညီညွတ်စွာ ပြုမူနေထိုင်မှုနည်းစနစ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြပြီး သင်တန်းသားများ၏ မေးမြန်းဆွေးနွေးမှုများကို ဖြေကြားခဲ့ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမာလာ၊ ညောင်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြင့်ငွေ၊ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကျော်စွာဦး၊ ဒုရဲမှူး(ဦးစီး) ညောင်ဦးမြို့မစခန်းမှူး ဒုရဲမှူးမင်းနိုင်နှင့် မြို့နယ်အတွင်းရှိ နယ်မြေရဲစခန်းမှူးများ၊ ရဲကင်းစခန်းမှူးများ၊ ဌာနစိတ်တာဝန်ခံအရာရှိများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား စုစုပေါင်း ၅၄ ဦး တက်ရောက်ခဲ့ကြောင်း၊ သင်တန်းကို မတ် ၂၆ ရက်မှ ဧပြီ ၆ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မော်လမြိုင်ကျွန်းမြို့၌ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ဖွင့်လှစ်

**မော်လမြိုင်ကျွန်း မတ် ၂၉**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မော်လမြိုင်ကျွန်းမြို့ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါဆေးရုံရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး (ကုသရေး) ဦးမြင့်ဦးနှင့် တိုင်းဒေသကြီး ဦးစီးမှူး ဦးသာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ကုသရေး)က ဆေးရုံဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကြေးမုံ**





# မန္တလေးပညာရေးကောလိပ်၌ ပထမအကြိမ်သင်္ကြန်အကြိုပွဲ ပျော်ရွှင်စွာဆင်နွှဲ

**မန္တလေး မတ် ၂၉**
မန္တလေးပညာရေးကောလိပ် ကျောင်းသား ကျောင်းသူများ ဦးဆောင် ကျင်းပသည့် ပထမအကြိမ်သင်္ကြန်အကြိုပွဲတော်ကို မတ် ၂၈ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

ပထမအကြိမ် သင်္ကြန်အကြိုပွဲတော်တွင် ကျောင်းအုပ်ကြီး ဦးဗိုလ်မြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နှစ်သစ်အကြိုအဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက်ကျောင်းသား ကျောင်းသူများက 'မန္တလေးပညာရေးကောလိပ်' သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ကျောင်းတွင်း သင်္ကြန်ပွဲတော်ကို စတင်ဖွင့်လှစ်သည်။

သင်္ကြန်အကြိုပွဲတော်တွင် ကျောင်းသား ကျောင်းသူများသည် တစ်ဦးနှင့်တစ်ဦးရေများ၊ ရေမြှုပ်များဖြင့် ပက်ဖျန်းခြင်း၊ သီဆိုကခုန်ခြင်းတို့ဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြသည်။ သင်္ကြန်ပွဲတွင် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများဖြင့် စတုဒိသာကျွေးမွေးကြကြောင်း သိရသည်။

မန္တလေး ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးဗိုလ်မြင့်၊ ဒုတိယကျောင်းအုပ်ကြီး၊ သင်တန်းရေးရာဌာနမှူး၊ မော်ကွန်းထိန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများသည် မန္တလေးပညာရေးကောလိပ် ဘောလုံးကွင်း၌ ပထမအကြိမ် သင်္ကြန်အကြိုပွဲကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

**သီဟကိုကို(မန္တလေး)**

# နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာမြှင့်တင်ပေးနိုင်ရန် ပဲခူးတွင် ပန်းချီပြပွဲ ကျင်းပ

**ပဲခူး မတ် ၂၉**

ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး၌ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ပဲခူးမြို့နယ်-မြို့မ) ၏ ပန်းချီဆရာများနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးခရိုင်တို့ ပူးပေါင်း၍ ပဲခူးပန်းချီပြပွဲအခမ်းအနားကို မတ် ၂၉ ရက် နံနက် ၉ နာရီက ရွှေမော်ဓောဘုရားလမ်း၌ ကျင်းပသည်။

ပန်းချီနှင့်ပတ်သက်၍ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာသည် ပန်းချီပညာရပ်တွင် အများကြီး သက်ရောက်မှုရှိသောကြောင့် ပန်းချီပညာရပ်အား မရှိမဖြစ် မြှင့်တင်လုပ်ဆောင်ပေးကြရန်လိုအပ်ကြောင်း၊ ပန်းချီပညာရပ်အား နိုင်ငံတော်အပိုင်းမှ ထိရောက်စွာ ပံ့ပိုးပေးစေလိုကြောင်း၊ ပံ့ပိုးပေးမှသာလျှင်လည်း ပန်းချီဆရာများအနေဖြင့် ကြိုးစားရကျိုးနပ်မည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ပန်းချီ၊ ပန်းပုအစည်းအရုံး မြို့မဥက္ကဋ္ဌ ဦးယုစိန်က ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး ပြန်/ဆက်ဦးစီးမှူး ဦးစိုးပိုင်နှင့် ပဲခူးမြို့နယ်ပန်းချီ၊ ပန်းပုအစည်းအရုံး မြို့မဥက္ကဋ္ဌ ဦးယုစိန်နှင့် တာဝန်ရှိသူများက ပြသထားသော ပန်းချီရုပ်ပုံကားချပ်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



အဆိုပါ ပန်းချီပြပွဲအား ပဲခူးမြို့နယ်အတွင်းရှိ ပန်းချီပညာရှင်များအားလုံးစုပေါင်း၍ ပြပွဲတစ်ရပ်အနေဖြင့် ပြည်သူလူထုအား ခင်းကျင်းပြသခြင်းဖြစ်ပြီး မြို့နယ်၏ အနုပညာဂုဏ်သိက္ခာကို မြှင့်တင်သည့်အနေဖြင့် ပန်းချီဆရာ ၃၂ ဦး ရေးဆွဲပြသထားသော ပန်းချီရုပ်ပုံကား ၆၆ ချပ်အား မတ် ၂၉ ရက်မှ ဧပြီ ၄ ရက် အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ အခမဲ့ပြသထားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# စက်မှုလယ်ယာဖော်ဆောင်နိုင်ရေး ညှိနှိုင်းဆွေးနွေး



**ကျောက်တန်း မတ် ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ ဂရံကြီးကွင်းတွင် စက်မှုလယ်ယာဖော်ဆောင်ပေးနိုင်ရန် တံတားမြို့ဂရံကြီးကွင်းနေ လယ်သမားရှစ်ဦးတို့က နိုင်ငံတော်သို့ တင်ပြလျှောက်ထားခဲ့သည်။

အဆိုပါ လျှောက်ထားမှုနှင့် ပတ်သက်၍ ရန်ကုန်တောင်ပိုင်းခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဦး၊ စက်မှုလယ်ယာဦးစီးဌာန သန်လျင်မြို့နယ်ဦးစီးမှူး ဦးကျော်မင်းဦး၊ ဒုဦးစီးမှူးဦးမြင့်သန်းနှင့် ကျောက်တန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန်းတို့သည် မတ် ၂၈ ရက် နံနက် ၁၀ နာရီက တံတားမြို့သို့ရောက်ရှိ၍ စက်မှုလယ်ယာဖော်ဆောင်မည့် လယ်သမားကြီးများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေကြသည့် လယ်သမားကြီးများအား တွေ့ဆုံ၍ မြေပြင်အခြေအနေများကို ကွင်းဆင်းကြည့်ရှုကာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ (ရွှေတံတား)**

## သတင်းတိုများ

### ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကယားပြည်နယ် ဘောလခဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ် လူထုဗဟိုပြု စီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင် စီမံကိန်းထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား မတ် ၂၉ ရက် နံနက် ၉ နာရီက ဘောလခဲမြို့နယ် ခရိုင်ဦးစီးအရာရှိ ဦးညွန့်ဆောင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးလှခေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အ-ထ-က (ရွာသစ်)တွင် ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း၊ လွယ်ဝိုင်းကျေးရွာခန်းမဆောင် ပေ ( ၈၀×၄၂×၁၂) တည်ဆောက်ခြင်းလုပ်ငန်း၊ ဝမ်လွဲကျေးရွာစာသင်ကျောင်းဆောင် ပေ (၆၀×၃၀×၁၂) တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးရေးနှင့်အရည်အသွေးပြည့်မီရေးအလေးထားဆောင်ရွက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။

**ဝတ်ရည် (ပြန်ဆက်)**

### မှူခင်းအသိပညာပေး

ကော့မှူးမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးနှင့် တာဝန်ရှိသူများသည် မတ် ၂၇ ရက် နံနက် ၉ နာရီက ဝါးဘလောက်သောက်ကျေးရွာ ဈေးရှေ့၌ မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်အန္တရာယ်တို့ကို အသိပညာပေးဟောပြောရာ ပြည်သူ ၂၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

### ဖြူးချောင်းတံတားဖွင့်

ပြည်ထောင်စုဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးစီးသွားသည့် ဖြူးမြို့နယ် သာခုကန်ကျေးရွာအုပ်စု ဖြူးချောင်းကွန်ကရစ်တံတားဖွင့်ပွဲကို မတ် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဖြူးမြို့နယ် အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက် စိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် မြို့နယ်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ တံတားသည် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွင့်ပြုငွေ သိန်း ၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ၁၈၃သိန်း အကုန်အကျခံတည်ဆောက်ခဲ့ကြောင်း သိရသည်။

**သက်မှူး**

# နွေရာသီ ကြက်ခြေနီလူငယ်စခန်းသွင်းလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲကျင်းပ

**ထားဝယ် မတ် ၂၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သော နွေရာသီ ကြက်ခြေနီလူငယ်စခန်းသွင်းလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်မမလေး က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ထားဝယ်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်မျိုးသွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူ ၁၈၀ အား စစ်ရေးပြ၊ ကြက်ခြေနီ လှုပ်ရှားမှု၊ ရှေးဦးပြုစုခြင်းသဘောတရား၊ စိတ်ဓာတ်မြှင့်တင်ခြင်း၊ ခန္ဓာကိုယ်တည်ဆောက်ပုံနှင့် လုပ်ငန်းများ၊ လူနာဆန်းစစ်ခြင်းနှင့် ဦးစားပေးလူနာရွေးချယ်ခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် ပြုစုနည်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တပ်ဖွဲ့စည်းမျဉ်း၊ ကျင့်ဝတ်အပါး ၅၀၊ အရိုးဆက်ကြောနှင့် ကြွက်သားဒဏ်ရာ၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများတုပ်ခြင်း၊ ကိုက်ခြင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ CPR ဆို့နှင့်ခြင်း၊ သတိလစ်ခြင်း၊ ဦးခေါင်းနှင့်ကျောရိုးတန်းမ၊ ရှေးဦးပြုစုခြင်းစခန်းနှင့်ဆေးသေတ္တာ၊ အထွေထွေအရေးပေါ်အခြေအနေများ၊ မိသားစု ပြန်လည်ဆက်သွယ်ပေးရေး၊ ကိုင်တွယ်ခြင်းနှင့် သယ်ယူခြင်းအကြောင်းအရာများကို ဧပြီ ၃ ရက်အထိ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

**ထားဝယ်ခရိုင်ပြန်/ဆက်**



# အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးကွပ်ကဲမှုအောက်ရှိ လုံခြုံရေးတပ်ဖွဲ့ခွဲများ စုပေါင်းသွေးလှူဒါန်း

**မင်္ဂလာတောင်ညွန့် မတ် ၂၉**

အမှတ် (၂) လုံခြုံရေးကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲချုပ်တင်ကိုကို ဦးဆောင်၍ အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်မိသားစု စာရေးဝန်ထမ်းများက မတ် ၂၈ ရက် နံနက် ၈ နာရီက (၃၃) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ အမှတ် (၇၊ ၈၊ ၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင် စုစုပေါင်း ၉၁ ဦးတို့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင်လည်းကောင်း၊ အမှတ် (၃၊ ၉) လုံခြုံရေး တပ်ဖွဲ့ခွဲတို့မှ မိသားစုဝင် ၁၂ ဦး၊ တပ်ဖွဲ့ဝင် ၂၉ ဦး စုစုပေါင်း ၄၁ ဦးတို့သည် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း၊ အမှတ် (၅၊ ၆) လုံခြုံရေး တပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင် စုစုပေါင်း ၅၀ တို့သည် သဃ်န်းကျွန်းစံပြဆေးရုံကြီးတွင်လည်းကောင်း၊ အမှတ် (၁၅) လုံခြုံရေးတပ်ဖွဲ့ခွဲ၊ နောက်တန်းဌာနချုပ်မှ မိသားစုဝင် လေးဦး၊ စာရေးဝန်ထမ်းတစ်ဦး၊ တပ်ဖွဲ့ဝင် ၂၁ ဦး စုစုပေါင်း ၂၆ ဦးတို့သည် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း၊ အမှတ် (၂၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၂၃ ဦးတို့သည် ဘားအံပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း (၃၃) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းမှုတွင် စာရေးဝန်ထမ်း တစ်ဦး၊ မိသားစုဝင် ၁၆ ဦး၊ တပ်ဖွဲ့ဝင် ၂၁၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

အမှတ် (၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့အနေဖြင့် ၂၀၁၅ ဇန်နဝါရီလမှစတင်သွေးလှူဒါန်းမှုများ ဆောင်ရွက်ခဲ့ရာ (၃၃) ကြိမ်မြောက်အထိ စုပေါင်းသွေးလှူဒါန်းမှုတွင် တပ်ဖွဲ့ဝင်စာရေး၊ ဝန်ထမ်းမိသားစု စုစုပေါင်း ၁၀၀၆၀ နှင့် အရေးပေါ် သွေးလှူဒါန်းမှုတွင် တပ်ဖွဲ့ဝင် ၁၄၅၈ ဦး စုစုပေါင်း ၁၁၅၁၈ ဦးတို့ သွေးလှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

# မြိတ်မြို့နယ်အတွင်းရှိကျေးရွာများ သောက်သုံးရေအခက်အခဲမရှိစေရေး ကွင်းဆင်းကြည့်ရှု

**မြိတ် မတ် ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အပူချိန်မြင့်မားသည့် နွေရာသီကာလများတွင် ရေတွင်း၊ ရေကန်များ ခန်းခြောက်ခြင်း၊ သဘာဝရေအရင်းအမြစ်များ ဆုတ်ယုတ်ခြင်းတို့ကို နှစ်စဉ်ကျေးရွာအချို့တို့တွ င် ကြုံတွေ့နေရသည့်ဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ခုနှစ်ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေနှင့် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ကျေးရွာများ၌ ရေရရှိရေးဆောင်ရွက်ပြီးစီးမှုများအား မြိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဖြူဖြူဆွေနှင့် အင်ဂျင်နီယာဝန်ထမ်းများက မတ် ၂၈ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများ ပိုမိုရရှိစေရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် EAC ဖောင်ဒေးရှင်း၏ လှူဒါန်းငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သော ပင်းအိုကျေးရွာအုပ်စု ဘူတောင်ငယ်ကျေးရွာတွင် စက်ရေတွင်း နှစ်တွင်းတူးဖော်မှု လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး၍ ရေထွက်ရှိမှုမှာ တစ်နာရီ ရေဂါလန် ၁၈၀၀ ထွက်ကြောင်း၊ ယင်းကျေးရွာရှိ အိမ်ခြေ ၈၀၊ အိမ်ထောင်စု ၈၀၊ လူဦးရေ ၄၀၀ တို့အား အိမ်တိုင်ရာရောက် ပိုက်လိုင်းများ သွယ်တန်းကာ ရေမီတာစနစ်ဖြင့် ဆောင်ရွက်နေမှုမှာ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ပသောင်းကျေးရွာအုပ်စု တောင်ပုလဲကျေးရွာတွင် စက်ရေတွင်းတစ်တွင်း အသစ် တူးဖော်ပြီးစီး၍ တစ်နာရီရေဂါလန် ၁၁၀၀ ထွက်ရှိပြီး အိမ်ခြေ ၁၄၂၊ အိမ်ထောင်စု ၁၄၂ စု၊ လူဦးရေ ၇၀၅ ဦးတို့ ရေရရှိ၍ အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပင်အိုကျေးရွာအုပ်စု ရှင်မြတ်တောင်ကျေးရွာတွင် စက်ရေတွင်း (တွင်းတိမ်) တူးဖော်ခြင်းလုပ်ငန်းတစ်ခုနှင့်ဆလင်းကျေးရွာတွင် ရေဂါလန် ၃၀၀၀ ဆံ့ အုတ်ကန် တစ်ကန်အား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြိတ်မြို့နယ်အတွင်းရှိ နွေရာသီကာလ၌ ယခုနှစ်တွင် ရေရှားပါး၍ အခက်အခဲရှိနိုင်သည့်ကျေးရွာများမှာ ပုလဲကုန်းကျေးရွာ၊ လက်ခုတ်တောင်ကျေးရွာ၊ ဝန်မယ်ကျေးရွာ၊ သဘွတ်ကျေးရွာ၊ တောင်ဖီလာကျေးရွာ၊ တက်လက်ငယ်ကျေးရွာ၊ မွေ့ရှောင်ကျေးရွာ၊ လက်မဲကျေးရွာ၊ ဘန်မဲ့ကျေးရွာ၊ သကန် (ကရင်)ကျေးရွာ၊ အရှေ့တောင်ကျေးရွာ၊ တောထွင်ကြီးကျေးရွာတို့တွင် ရေရှားပါးနိုင်ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ရာဇဝတ်မကင်းသောကျော်နင်းမှုဟူသည်

မောင်စာဂ

ရာဇဝတ်မကင်းသောကျော်နင်းမှုကို အရပ်အခေါ် ကျူးကျော်မှုဟုခေါ်ဆိုကြသည်။ ရပ်ထဲရွာထဲ၊ ဟိုဘက်ခြံ၊သည်ဘက်ခြံ၊ သူ့မြေကိုယ့်မြေ၊ သူ့အိမ်ကိုယ့်အိမ် စသည်တို့အပေါ် သို့မဟုတ် စသည်တို့အတွင်း ကျူးကျော်ဝင်ရောက်မှုတွေ၊ ဖောက်ထွင်းမှုတွေ ဖြစ်တတ်ကြသည်။ တရားတဘောင် ရင်ဆိုင်ဖြေရှင်း ဆောင်ရွက်ကြရသည်။ သို့ဖြစ်ရာ ကျော်နင်းမှုနှင့် ကျော်နင်းမှု အမျိုးမျိုးအတွက် ရာဇသတ်ကြီးတွင် မည်သို့ပြဋ္ဌာန်းထားသည်ကို မျှဝေပါရစေ။

**ရာဇဝတ်မကင်းသော ကျော်နင်းမှု၏အဓိပ္ပာယ်**

မည်သူမဆိုရာဇဝတ်မှုကျူးလွန်ရန် သို့မဟုတ် ပစ္စည်းလက်ရှိဖြစ်သူ တစ်ဦးတစ်ယောက်ကို ခြောက်လှန့်ရန်၊ စော်ကားရန် သို့မဟုတ် ငြိုငြင်စေရန်အကြံဖြင့် သူတစ်ပါး၏လက်ရှိပစ္စည်းအတွင်းသို့ ဖြစ်စေ၊ အပေါ်သို့ဖြစ်စေ ဝင်ရောက်လျှင် သို့မဟုတ် ထိုပစ္စည်းအတွင်းသို့ဖြစ်စေ၊ အပေါ်သို့ဖြစ်စေ တရားသဖြင့် ဝင်ရောက်ပြီးနောက် ပစ္စည်းလက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ စော်ကားရန် သို့မဟုတ် စိတ်ငြိုငြင်စေရန် သို့မဟုတ် ရာဇဝတ်ကို ကျူးလွန်ရန် အကြံဖြင့် ဥပဒေနှင့် ဆန့်ကျင်ကာ ထိုပစ္စည်း၌ ဆက်လက်၍နေလျှင် ထိုသူသည် ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်သည်မည်၏။ (ပုဒ်မ ၄၄၁)

**မှတ်သားရန်အချက်**

ဤပုဒ်မပါ ပြဋ္ဌာန်းချက်တွင် 'သူတစ်ပါး၏ လက်ရှိပစ္စည်းအတွင်းသို့ဖြစ်စေ၊ အပေါ်သို့ဖြစ်စေ' ဆိုသည့် စကားရပ်မှာ အရေးကြီးသည်။ သူတစ်ပါး၏လက်ရှိပစ္စည်းဟုဆိုထားသည်။ သူတစ်ပါး၏ပိုင်ဆိုင်သော ပစ္စည်းဟု မဆိုထားပါ။ လက်ရှိပစ္စည်းဖြစ်-မဖြစ် ဆိုသော အချက်သည် အဓိကကျသည်။ လက်ရှိဟု ဆိုရာတွင်လည်း ကိုယ်ထိလက်ရောက် လက်ရှိနေထိုင်လျက်ရှိခြင်း ဖြစ်နိုင်သည်။ ကိုယ်ထိလက်ရောက် မနေထိုင်သော်လည်း ပိုင်ရှင်ကခေတ္တခဏ အစောင့်မရှိဘဲထားခြင်းသည် သူ၏လက်ရှိဖြစ်သည်ဟု ဆိုနိုင်သည်။ အလားတူပင် အခန်းကိုသော့ခတ်ထားပြီး ခတ်ထားသော သော့ကို လက်ရှိထားသူသည် ပစ္စည်းကို လက်ရှိထားသူဖြစ်သည်ဟု ဆိုနိုင်သည်။

ထို့ပြင် လက်ရှိဖြစ်နေသူ၌ ပိုင်ဆိုင်ခွင့်မရှိသော်လည်း ပိုင်ဆိုင်သူက ၎င်းပိုင်ပစ္စည်းဟုဆိုကာ လက်ရှိ ဖြစ်နေသူအား တရားမဲ့ကျူးကျော်ဝင်ရောက်ခြင်း မပြုနိုင်။ ပြုခဲ့လျှင် ရာဇဝတ်မကင်းသောကျော်နင်းမှုကို ကျူးလွန်ရာရောက်သည်။ သို့ရာတွင် လုံးဝပိုင်ဆိုင်ခွင့်မရှိသူက ပိုင်ဆိုင်သူ၏နောက်ကွယ်၌ အတင်းအဓမ္မ ဝင်ရောက်ကာ လက်ရှိထားခြင်းမျိုးကို မဆိုလိုပါ။ ပိုင်ဆိုင်ခွင့်မရှိသူက အေးဆေးစွာဝင်ရောက်ပြီး လက်ရှိဖြစ်ကာ အကျိုးခံစားခွင့်ရှိနေပါမူ ပိုင်ရှင်သည် လက်ရှိဖြစ်သူ၏ အခွင့်မရှိဘဲ ဝင်ရောက်ကျူးကျော်ခြင်း မပြုနိုင်။

ရာဇဝတ်မကင်းသော ကျော်နင်းမှုမျိုးတွင် တရားစွဲဆိုသည့်အချိန်၌ ပစ္စည်းကိုမည်သူက လက်ရှိဖြစ်သည်ကိုသာ အဓိကစဉ်းစားရန်လိုအပ်သည်။ လူတစ်ဦးသည် ပစ္စည်းကို လက်ရှိဟုတ်သည်-မဟုတ်သည် ဆိုသော ပြဿနာမှာ အကြောင်းခြင်းရာ ပြဿနာဖြစ်သောကြောင့် အမှုဖြစ်ပျက်ပုံ အကြောင်းခြင်းအရာများအပေါ် အခြေခံ၍ သုံးသပ်ဆုံးဖြတ်ကြရသည်။

**ကျော်နင်းမှုအတွက်ပြစ်ဒဏ်**

မည်သူမဆို ရာဇဝတ်မကင်းသောကျော်နင်းမှုကို ကျူးလွန်လျှင် ထိုသူကို သုံးလထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငါးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဖြစ်သည်။ (ပုဒ်မ ၄၄၇)

**ကျော်နင်းမှုအမျိုးမျိုး**

ကျော်နင်းမှုများတွင် အချိန်ကာလကိုလိုက်၍ ဖြစ်ပွားသည့်ကျော်နင်းမှု၊ ရည်ရွယ်ချက်ကိုအခြေခံ၍ ဖြစ်ပွားသောကျော်နင်းမှု၊ ပစ္စည်းကိုလိုက်၍ဖြစ်ပွားသောကျော်နင်းမှုဟူ၍ ယေဘုယျအားဖြင့် သုံးမျိုးသုံးစားတွေ့ရသည်။ ကျော်နင်းမှု အမျိုးအစားအလိုက် ပြစ်ဒဏ်သတ်မှတ်ချက်များမှာ တူညီခြင်းမရှိပါ။ အနှစ်ချုပ်၍ ဖော်ပြပါမည်-

**အိမ်ကျော်နင်းမှု**

မည်သူမဆို လူနေအိမ်အဖြစ် အသုံးပြုသည့် အဆောက်အအုံ၊ တဲ၊ ရေယာဉ်ကိုဖြစ်စေ၊ ကိုးကွယ်ဝတ်ပြုသော နေရာအဖြစ် အသုံးပြုသော သို့မဟုတ် ပစ္စည်းသိုလှောင် ထိန်းသိမ်းသောနေရာ အဖြစ် အသုံးပြုသော အဆောက်အအုံကိုဖြစ်စေ ဝင်ရောက်ခြင်းဖြင့် သို့မဟုတ် ဆက်လက်နေခြင်းဖြင့် ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်လျှင် ထိုသူသည် အိမ်ကျော်နင်းမှုကိုကျူးလွန်ရာရောက်သည်။ တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။ (ပုဒ်မ ၄၄၂ နှင့် ၄၄၈)

**ပုန်းလျှိုးအိမ်ကျော်နင်းမှု**

အိမ်ကျော်နင်းမှုကို ကျူးလွန်ရာ၌ ထိုနေရာမှ ကျော်နင်းကျူးလွန်သူကို ထုတ်ပယ်ရန် သို့မဟုတ် နှင်ရန် အခွင့်အရေးရှိသူက ထိုသို့ကျော်နင်းသည်ကို မသိမမြင်အောင် ကြိုတင်စီမံမှုပြုလုပ်၍ အိမ်ကျော်နင်းမှုကို ကျူးလွန်ခြင်းသည် ပုန်းလျှိုးအိမ်ကျော်နင်းမှုကို ကျူးလွန်ရာရောက်သည်။ (ပုဒ်မ ၄၄၃ နှင့် ၄၅၃)

**ညဥ့်အချိန်ပုန်းလျှိုးအိမ်ကျော်နင်းမှု**

မည်သူမဆို နေဝင်ပြီးအချိန်မှစ၍ နေမထွက်မီအချိန်အတွင်း ပုန်းလျှိုးအိမ်ကျော်နင်းမှုကိုကျူးလွန်လျှင် ထိုသူသည် ညဥ့်အချိန်ပုန်းလျှိုးအိမ်ကျော်နင်းမှုကို ကျူးလွန်ရာရောက်သည်။ သုံးနှစ်ထိထောင်ဒဏ်ချမှတ်ရသည့်ပြင် ငွေဒဏ်လည်းချမှတ်ခြင်းခံရမည်။ (ပုဒ်မ ၄၄၄ နှင့် ၄၅၆)

**အိမ်ဖောက်ထွင်းမှု**

အိမ်ကျော်နင်းမှု ကျူးလွန်ရာ၌ ကြိုတင်ပြုလုပ်ထားသည့် ထွက်ဝင်ပေါက်က ဝင်လျှင်ထွက်လျှင် သို့မဟုတ် မည်သူမျှထွက်ဝင်ရန် ကြံရွယ်ခြင်းမရှိသည့် ထွက်ဝင်ပေါက်က ဝင်လျှင် ထွက်လျှင်၊ နံရံအဆောက်အအုံကို တွယ်တက်၊ ကျော်တက်၍ ဝင်လျှင် ထွက်လျှင် သို့မဟုတ် မိမိကိုယ်တိုင် အိမ်ကျော်နင်းမှု ကျူးလွန်ရန်အလို့ငှာ ဖွင့်ခဲ့သည့် ဝင်ထွက်ပေါက်က ဝင်လျှင်ထွက်လျှင် သို့မဟုတ် သော့ခလောက်ကိုဖွင့်၍ ဝင်လျှင်ထွက်လျှင် သို့မဟုတ် အနိုင်အထက်ပြုမှု၊ လက်ရောက်မှု၊ ခြိမ်းခြောက်မှုတို့ကိုပြု၍ဝင်လျှင်ထွက်လျှင် သို့မဟုတ် မဝင်မထွက်နိုင်အောင်ပိတ်ထားသည့် ဝင်ထွက်ပေါက်ကိုဖွင့်၍ ဝင်လျှင်ထွက်လျှင် ထိုသူသည် အိမ်ဖောက်ထွင်းမှုကို ကျူးလွန်ရာရောက်သည်။ နှစ်နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရသည့်ပြင် ငွေဒဏ်လည်းချမှတ်ရသည်။ ( ပုဒ်မ ၄၄၅၊ ၄၅၃)

အကယ်၍ ညဥ့်အချိန် အိမ်ဖောက်ထွင်းမှု ကျူးလွန်လျှင် သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရသည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ (ပုဒ်မ ၄၄၅၊ ၄၄၆ နှင့် ၄၅၆)

**ပြစ်မှုကျူးလွန်ရန်အလို့ငှာ အိမ်ကျော်နင်းမှုကို ကျူးလွန်ခြင်း**

မည်သူမဆို အိမ်ကျော်နင်းမှုကို ကျူးလွန်ရာ၌ -

(က) သေဒဏ်ထိုက်သည့် ပြစ်မှုကိုကျူးလွန်ရန်ဖြစ်လျှင် ထောင်ဒဏ်အနှစ် ၂၀ ဖြစ်စေ၊ ၁၀ နှစ်ထက် မပိုသည့်ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

(ခ) ထောင်ဒဏ် နှစ်နှစ်ဆယ်ထိုက်သည့် ပြစ်မှုကို ကျူးလွန်ရန်ဖြစ်လျှင် ၁၀ နှစ်ထက်မပိုသည့် ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

(ဂ) ထောင်ဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်ရန်ဖြစ်လျှင် နှစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ အကယ်၍ ကျူးလွန်ရန်ကြံရွယ်သောပြစ်မှုသည် ခိုးမှုဖြစ်ခဲ့သော် ထောင်ဒဏ်ခုနစ်နှစ်ထိတိုး၍ ချမှတ်နိုင်သည်။

(ဃ) တစ်ဦးတစ်ယောက်အား နာကျင်စေမှု လက်ရောက်မှုကျူးလွန်မှု သို့မဟုတ် မတရားတားဆီးမှုကို ကျူးလွန်ရန်ပြင်ဆင်ပြီးနောက် ကျူးလွန်ခြင်းဖြစ်လျှင် ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရသည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ (ပုဒ်မ ၄၄၉၊ ၄၅၀၊ ၄၅၁ နှင့် ၄၅၂)

**ပြစ်မှုကျူးလွန်ရန်အလို့ငှာ အိမ်ဖောက်ထွင်းမှုကို ကျူးလွန်ခြင်း**

ပုန်းလျှိုးအိမ်ကျော်နင်းမှုကိုဖြစ်စေ၊ အိမ်ဖောက်ထွင်းမှုကိုဖြစ်စေကျူးလွန်ရာ၌-

(က) ထောင်ဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်ရန်ဖြစ်လျှင် သုံးနှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ အကယ်၍ ကျူးလွန်ရန်ကြံရွယ်သည့်ပြစ်မှုသည် ခိုးမှုဖြစ်ခဲ့သော် ထောင်ဒဏ်ကို ဆယ်နှစ်အထိ တိုး၍ချမှတ်နိုင်သည်။

(ခ) တစ်ဦးတစ်ယောက်သောသူအား နာကျင်စေမှု၊ လက်ရောက်မှု သို့မဟုတ် မတရားတားဆီးမှုကို ကျူးလွန်ရန်ပြင်ဆင်ပြီးနောက် ကျူးလွန်ခြင်းဖြစ်လျှင် ၁၀ နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ (ပုဒ်မ ၄၅၄ နှင့် ၄၅၅)

ညဥ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် ညဥ့်အချိန်အိမ်ဖောက်ထွင်းမှုကျူးလွန်ရာ၌-

(က) ထောင်ဒဏ်ထိုက်သည့် ပြစ်မှုကိုကျူးလွန်ရန်ဖြစ်လျှင် ငါးနှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ အကယ်၍ ကျူးလွန်ကြံရွယ်သည့် ပြစ်မှုသည် ခိုးမှုဖြစ်ခဲ့သော် ထောင်ဒဏ်ကို ၁၄ နှစ်အထိ တိုး၍ချမှတ်နိုင်သည်။

(ခ) သူတစ်ဦးတစ်ယောက်အား နာကျင်စေမှု၊ လက်ရောက်မှု သို့မဟုတ် မတရားတားဆီးမှုကို ကျူးလွန်ရန် ပြင်ဆင်ပြီးနောက် ကျူးလွန်ခြင်းဖြစ်လျှင် ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ (ပုဒ်မ ၄၅၇ နှင့် ၄၅၈)

**ပြစ်မှုကျူးလွန်နေစဉ် ထပ်မံ၍ပြစ်မှုကျူးလွန်ခြင်း**

(က) ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် အိမ်ဖောက်ထွင်းမှုကိုကျူးလွန်နေစဉ် တစ်ဦးတစ်ယောက်သောသူအား အပြင်းအထန် နာကျင်စေမှုကို ဖြစ်စေလျှင် သို့မဟုတ် တစ်ဦးတစ်ယောက်အား သေစေရန်ဖြစ်စေ၊ အပြင်းအထန်နာကျင်စေရန်ဖြစ်စေ အားထုတ်လျှင် ထောင်ဒဏ်နှစ် ၂၀ ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ (ပုဒ်မ ၄၅၉)

(ခ) ညဥ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် ညဥ့်အချိန် အိမ်ဖောက်ထွင်းမှုကိုကျူးလွန်သည့် အခါ တစ်ဦးတစ်ယောက်သောသူကို မိမိအလိုအလျောက် သေစေမှုကိုသော်လည်းကောင်း၊ အပြင်းအထန် နာကျင်စေမှုကိုသော်လည်းကောင်းဖြစ်စေလျှင် သို့မဟုတ် ထိုသို့ဖြစ်စေရန် အားထုတ်လျှင် ကျူးလွန်ရာ၌ ပါဝင်သူအသီးသီးကို ထောင်ဒဏ်နှစ်နှစ်ဆယ်ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးကိုဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**နောက်ဆက်တွဲကျူးလွန်တတ်သော ပြစ်မှုများ**

ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်သည့်အခါ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် ခြံစည်းရိုးကိုဖျက်၍ဝင်ရောက်ခြင်း၊ ခြံစည်းရိုးတွင်ခတ်ထားသော သော့ကိုဖျက်၍ဝင်ရောက်ခြင်း၊ ခြံအတွင်း သို့မဟုတ် မြေကွက်ပေါ်ရှိ သစ်ပင်၊ သစ်သီး၊ သီးနှံများကို ဖျက်ဆီးခြင်းစသည်ဖြင့် အကျိုးပျက်စီးမှုတို့ကို ကျူးလွန်တတ်ကြသည်။ ထို့ပြင် လူတစ်ဦးတစ်ယောက်ကို ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်းနှင့် နာကျင်စေမှုတို့ကိုလည်း ကျူးလွန်တတ်ကြသည်။

